# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 5 December 2023 ၁၁၃၀၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများအားပေးကြရန်လိုပြီး ပြည်တွင်းဒ္ဓသာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်းစားဆောင်ရွက်

## နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★


## ယနေ့ ဖတ်စရာ


အင်္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ ကျင်းပ စာမျက်နှာ » ၆

ထက်မြက်သည့် ပညာအခြေခံ အမျိုးသားရေးအားမာန်နှင့် အမျိုးသားအောင်ပွဲသန္နိဋ္ဌာန် ဆောင်းပါး စာမျက်နှာ » ၈

လူတိုင်းသက်ရှည်ကျန်းမာရန် ပြည်သူ့ကျန်းမာရေးသည် အခြေခံ ဆောင်းပါး စာမျက်နှာ » ၁၀

ပုပ္ပားတောင်ဒေသသည် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဉယျာဉ်အဖြစ် မကြာမီထွက်ပေါ်လာတော့မည် စာမျက်နှာ » ၁၇

မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ စာမျက်နှာ » ၁၈

ကြေးမုံ

# ပြည်ထောင်စုကြီးကို စောင့်ရှောက်ကာကွယ်

မြန်မာနိုင်ငံသည် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံအားလုံးနှင့်မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိသည်။ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နေသည့်နိုင်ငံဖြစ်သည်။ မည်သည့်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမှန်သမျှကို လက်မခံသောနိုင်ငံဖြစ်သည်။ ပြည်ထောင်စုနှင့်ဆီလျော်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ လက်ဝေခံနိုင်ငံအဖြစ်သို့ မရောက်လိုသော မြန်မာနိုင်ငံအပေါ် နယ်ချဲ့လက်သစ်တို့၏ အမျိုးမျိုးအဖုံဖုံနှောင့်ယှက်မှုများကို အစဉ်အဆက်တွေ့မြင်နေရသည်။

မည်သို့မျှ လွှမ်းမိုးခြယ်လှယ်စွက်ဖက်ခွင့်မရသဖြင့် ပြည်တွင်းစည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးခွဲနှောင့်ယှက်မှုများကြုံရသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်ကာ ညီညွတ်မှုပျက်ပြားအောင်ပြုလုပ်ကြသည်။ ၎င်းတို့၏နိုင်ငံရေးရည်မှန်းချက်ပေါက်မြောက်စေရန်အတွက် ကြားခံအဖြစ် လက်ဝေခံမီဒီယာများကို အသုံးချကြသည်။

နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားစေရန်နှင့် ပြည်တွင်းညီညွတ်မှု ယိမ်းယိုင်စေရန်အတွက် အမျိုးမျိုးအဖုံဖုံဝေဖန်တိုက်ခိုက်မှုများ၊ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိ မြန်မာ့နိုင်ငံရေးအနေအထား၌ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စများတွင် အိမ်နီးချင်းနိုင်ငံအချင်းချင်း လက်တွဲဆောင်ရွက်နေသည့်အချိန်အခါ၌ အနောက်နိုင်ငံအထောက်အပံ့ဖြင့် ရပ်တည်နေသည့်မီဒီယာများသည် နှစ်နိုင်ငံဆက်ဆံရေးအပေါ် အထင်အမြင်လွဲမှားလာအောင်၊ ဆက်ဆံရေးပျက်ပြားအောင် သွေးထိုးလှုံ့ဆော်တိုက်ခိုက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံနယ်နိမိတ်နှင့် ရှည်လျားစွာထိစပ်နေသော မြန်မာ-တရုတ်နှစ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးသည် အရေးအကြီးဆုံးဖြစ်သည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့်စီမံကိန်းများကို မြှင့်တင်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို နှောင့်ယှက်ဖျက်ဆီးမှုများပြုလုပ်ရခြင်း၏ နောက်ကွယ်မှအကြောင်းတရားများကို သတိထားဆင်ခြင်ကြည့်လျှင် သိနိုင်သည်။ မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမတည်မငြိမ်ဖြစ်စေရန်၊ နှစ်နိုင်ငံဆက်ဆံရေးထိခိုက်စေရန် လုပ်ဆောင်နေသည့်အင်အားစုများ၏ ရည်ရွယ်ချက်ကို သတိပြုနားလည်ပြီး အဆိုပါလုပ်ရပ်များကို အမြန်ဆုံးရပ်တန့်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သည်။

မကြာသေးမီက ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအချို့တွင် လက်နက်ကိုင်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်ကို ကြားသိရမည်ဖြစ်သည်။ ယင်းကိုအကြောင်းပြု၍ ပွဲလန့်တုန်းဖျာခင်းလိုသည့် သောင်းကျန်းသူအဖွဲ့များကလည်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေဒေသအချို့ကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများရှိသည်။ ယင်းသို့တိုက်ခိုက်လာမှုများကို တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်ချေမှုန်းရှင်းလင်းလျက်ရှိသည်။ နှစ်ဖက်တိုက်ပွဲတိုင်းတွင် တစ်ဖက်ဖက်က ထိခိုက်ဆုံးရှုံးမှုအနည်းနှင့်အများရှိမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် ခြေလျင်၊ လေယာဉ်၊ အမြောက်တပ်ဖွဲ့များပူးပေါင်းလျက် ရှုပ်ရှုပ်ချွံချွံ ခုခံချေမှုန်းတိုက်ခိုက်ခဲ့သည်။ အချို့ဂိတ်၊ စခန်းငယ်၊ ရဲစခန်းအချို့တွင် အင်အားနည်းပါးသဖြင့် ထိခိုက်ကျဆုံးမှုနှင့်ပြောင်းရွှေ့ခဲ့ရမှုများရှိသည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူများနှင့် ပြည်ဖျက်မီဒီယာများက တစ်မြို့လုံးကို ထိန်းချုပ်ထားနိုင်ပြီ၊ တပ်ရင်းတွေကျကုန်ပြီ၊ မြို့များ၊ တပ်စခန်းများစွာကို သိမ်းပိုက်ထားပြီ စသည်ဖြင့် မဟုတ်မမှန် ကောလာဟလသတင်းများ ဆက်တိုက်ထုတ်လွှင့်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင် ထိတွေ့တိုက်ပွဲများ၌သောင်းကျန်းသူများ မည်မျှသေဆုံးခဲ့သည်။ ဒဏ်ရာရရှိခဲ့သည်။ မည်သို့ဆုတ်ခွာထွက်ပြေးရသည်။ မည်သို့ဆုတ်ခွာရန် စီစဉ်နေသည်တို့ကို အကြမ်းဖက်သောင်းကျန်းသူများသာ အသိဆုံးဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် လွတ်လပ်ရေးရပြီးကာလ တစ်တိုင်းပြည်လုံး တိုက်ပွဲများဖြစ်ပွားနေချိန်တွင် တပ်မတော်သည် ဖြစ်ပေါ်လာသည့် ပြည်တွင်း/ပြည်ပအန္တရာယ်ရန်စွယ်များကို အမြစ်ပြတ်ချေမှုန်းနိုင်သည့် အစဉ်အလာကောင်းများရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ နှောင့်ယှက်ခြိမ်းခြောက်မှုများကြားမှ နိုင်ငံချစ်သည့် ပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများအား ဆန့်ကျင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်သားများအား အားပေးကူညီဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံကိုချစ်ကြသူများသာဖြစ်ရာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ၊ တတ်နိုင်သမျှ ကိုယ်စိတ်နှစ်ပါးဖြင့် ပြည်ထောင်စုကြီးကို စည်းလုံးညီညာစွာကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၄၀ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့**

**သရေစည်သူဘွဲ့**

၁။ Mr. Nikolai Platonovich Patrushev — အတွင်းရေးမှူး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီ

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၀/၂၀၂၂ (ကရင်)၊ ၈/၂၀၂၃ (ရှမ်း)၊ ၂၀/၂၀၂၃ (ကချင်)၊ ၂၁/၂၀၂၃ (မကွေး) နှင့် ၂၄/၂၀၂၃ (ပဲခူး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၃ (ရန်ကုန်)၊ ၂/၂၀၂၃ (မန္တလေး)၊ ၃/၂၀၂၃ (ကချင်)၊ ၄/၂၀၂၃ (ကချင်)၊ ၅/၂၀၂၃ (ကချင်)၊ ၆/၂၀၂၃ (ရခိုင်) နှင့် ၇/၂၀၂၃ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ခုနစ်မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သာစည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့်အဖွဲ့သည် ယမန်နေ့က သာစည်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကွင်းဆင်းစစ်ဆေး**

ဦးစွာ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်နှင့်အဖွဲ့သည် သာစည်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းတွင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့်အမှုဆောင်များအား တွေ့ဆုံခဲ့သည်။ ထို့နောက် ရွှေရတီငရုတ်လုပ်ငန်းအခြေအနေကို သွားရောက်လေ့လာခဲ့ပြီး မိုးစပါးစိုက်ပျိုးကွင်းများနှင့် ကြက်မောက်ကျေးရွာရှိ အေးမြသာယာအရောင်းဆိုင်အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄-၁၂-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၆၀၀ | ၁၆၀ | ၁,၃၃၀,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၇၆ | ၃,၁၂၀,၄၀၀ |
| MCB | ၇,၀၀၀ | ၇,၃၀၀ | ၁၈၉ | ၁,၃၂၇,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၁,၈၀၁ | ၂,၈၈၁,၅၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၄၀၈ | ၉၇၉,၆၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၅၅ | ၁၁၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄၀ | ၁၉၆,၀၀၀ |
| MAEX | ၁,၆၅၀ | ၁,၆၅၀ | ၁,၀၀၀ | ၁,၆၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေများကိုမှုတည်၍ အသုံးပြုရခြင်းဖြစ်သည့်အတွက် အခွန်အခများရရှိရေးလိုအပ် အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိပြီးအခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း)များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်

★ ရှေ့ဖုံးမှ

### မိုးရာသီစိုက်ပျိုးမှုအပြီး စိုက်ပျိုးမြေများတွင် သီးထပ်စွမ်းအားများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးရာသီစိုက်ပျိုးမှုများပြီးဆုံး၍ အချို့မှာ ရိတ်သိမ်းမှုများဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်ခဲ့သည့်အကျိုးကျေးဇူးအဖြစ် သီးနှံထွက်ရှိမှုများ တိုးတက်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆက်လက် ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ ယခုမြေအစိုဓာတ်မကုန်သေးမီ ဆောင်းရာသီကာလစိုက်ပျိုးရာ၌လည်း ဆီထွက်သီးနှံများ၊ ပြောင်းစသည့်သီးနှံများ၏ စိုက်ပျိုးမှုသီးထွက်စွမ်းအားများ တိုးတက်ရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်လုပ်ပါက အလုပ်လုပ်သည့်အားလျော်စွာ အကျိုးခံစားရမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ရေးတွန်းအားပေးရန်နှင့် ပံ့ပိုးပေးရန်လိုကြောင်း။

### နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးရေး တိုးတက်အောင်ဆောင်ရွက်

ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများစိုက်ပျိုးရာတွင် မိမိတို့နိုင်ငံ၌ ကော်ဖီနှင့် ရော်ဘာများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့်နှစ်များမှစ၍ ကော်ဖီစိုက်ပျိုးမှုနှင့် ရော်ဘာစိုက်ပျိုးမှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ နစ်နာမှုရှိနေသည့် ကော်ဖီလုပ်ငန်းများ ပြန်လည်ရှင်သန်စေရေး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်လာပြီဖြစ်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်က ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုပေးခဲ့သည့် စိုက်ပျိုးမြေ၏ထက်ဝက်ခန့်ကိုသာ ကော်ဖီများစိုက်ပျိုးနိုင်သေးသည်ကိုတွေ့ရကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုဒေသ၊ ရွာငံဒေသနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ဒေသတို့တွင် ကော်ဖီဇုန်များသတ်မှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သံတောင်ကြီးဒေသ၊ ပအိုဝ်းဒေသတို့တွင်လည်း ကော်ဖီစိုက်ပျိုးမှုများကိုဆောင်ရွက်ကြကြောင်း။

ကော်ဖီစိုက်ပျိုးမှုတွင် မိမိတို့နိုင်ငံထက် စိုက်ပျိုးမြေနည်းပါးသည့် ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်စေရေး အရင်းအနှီးငွေကြေး စိုက်ထုတ်နိုင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဟုမြင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ချထားပေးသည့် အချို့မြေနေရာများပေါ်တွင် ယခုအချိန်အထိစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါမြေများအား ရောင်းဝယ်မှုများကို စနစ်တကျဖြင့်စိစစ်သွားရန်နှင့် စိုက်ပျိုးခြင်းမပြုသည့်မြေများကို ပယ်ဖျက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို သတ်မှတ်ထားသည့်အတိုင်း တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက လာမည့်ငါးနှစ်တာကာလအတွင်း ကော်ဖီထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၇၉၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ကော်ဖီပျိုးပင်များကိုလည်း ကြိုတင်စိုက်ပျိုးထားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုသို့တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စုစုပေါင်း စိုက်ဧက သုံးသိန်းရှိမည်ဖြစ်သဖြင့် နောင်ငါးနှစ်မှ ခုနစ်နှစ်အတွင်း အဆိုပါ အသီး၊ အပွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းသည့် ကော်ဖီများထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ရိုဘက်စတာကော်ဖီမျိုးများကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နောင်ကာလများတွင် ဒေသအလိုက် ကော်ဖီများစိုက်ပျိုးနိုင်ရေး ရေရှည်အတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးဧက ၁ သန်း ၆ သိန်းကျော်ရှိကြောင်း၊ ရော်ဘာထုတ်ကုန်သည်လည်း သေချာသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး အဆင့်ရှိသည့် ကုန်ကြမ်းများကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရော်ဘာစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**☆ Non -Trade Income များ ပိုမိုရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုပါက ကုန်သွယ်မှုအပေါ် မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်၍ တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်နေ**

**☆ ကုန်ထုတ်လုပ်မှုအားနည်းချက်မှာ သွင်းအားစုများဈေးကြီးမြင့်ခြင်းကြောင့်ဟု အချို့ကသုံးသပ်ကြသော်လည်း အဓိကအားဖြင့် အကျိုးအမြတ်ရရှိမှုအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းသည်ကိုတွေ့ရ၊ အကျိုးအမြတ်နည်းသော်လည်း များများထုတ်လုပ်၊ များများလည်ပတ်နိုင်ပါက အကျိုးရှိမည်**

**☆ ယခုအခါ စိုက်ပျိုး၊ မွေးမြူရေးအတွက် အဓိကသွင်းကုန်ဖြစ်သည့် ဓာတ်မြေဩဇာနှင့် အခြားလိုအပ်ချက်များလွယ်ကူစွာတင်သွင်းနိုင်ရေး ရော်ဘာလုပ်ငန်းရှင်များအား ပို့ကုန်ရငွေ၏ ၇၀ ရာခိုင်နှုန်းကို သုံးစွဲခွင့်ပေးထား**

**☆ အခြား အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ဆန်၊ ပြောင်း၊ ပဲနှင့် ထွက်ကုန်များ ပြည်ပသို့တင်ပို့မှု(Export) ကိုလည်း ၎င်းအတိုင်းဖြေလျှော့မှုပေးနိုင်ရေး လျာထားဆောင်ရွက်သကဲ့သို့ ၎င်းရငွေမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေးဆောင်ရွက်၍ စီးပွားရေးမြှင့်တင်ရမည်**

မိမိတို့နိုင်ငံ၏ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှုစာရင်းများအရ ပုဂ္ဂလိကပိုင်ဆိုင်မှု များပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးခြင်း၊ အခွင့်အလမ်းရှာဖွေပေးခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အခွန်ငွေများ အပြည့်အဝရရှိရေး

ပြီးခဲ့သည့် ကာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ရရှိမှုများ တိုးတက်လာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေများကိုမူတည်၍ အသုံးပြုရခြင်းဖြစ်သည့်အတွက် အခွန်အခများရရှိရေးလိုအပ်ကြောင်း၊ အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိပြီးအခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း)များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံခြားငွေနှင့် ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်မှစပြီး နိုင်ငံရေးကိုအကြောင်းပြကာ ချေးငွေများနှင့် ထောက်ပံ့မှုများအားလုံး ရပ်ဆိုင်းသွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် အချို့သောမိတ်ဆွေနိုင်ငံများအနေဖြင့် ပြန်လည်ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် ဘဏ်စနစ်ကိုထိခိုက်စေရန်အတွက် မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများလုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export)တိုးမြှင့်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် တိုက်ရိုက်ငွေပေးချေမှုများကို ဆောင်ရွက်ခဲ့ရာ အကျိုးဖြစ်ထွန်းမှုရှိသည်ကို တွေ့ရကြောင်း၊ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေး လည်ပတ်မှုများ ကောင်းမွန်စေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်များနည်းပါးသော်လည်း ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများအားလုံး လည်ပတ်စေရေး တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့် ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့်အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့၍ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့ကြောင်း၊ ပြည်သူများအတွက် ကိုယ်ချင်းစာစိတ်ရှိရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါမသမာမှုများ လုပ်ဆောင်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်သည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ယခုအချိန်တွင် Export လုပ်ကိုင်သူများက အနစ်နာခံ၍ ဆောင်ရွက်နေသော်လည်း Import သမားများကသာအကျိုးခံစားနေရသည်ဆိုသည့် တင်ပြချက်များရှိကြောင်း၊ အဆိုပါကိစ္စရပ်များကိုလည်း တတ်နိုင်သမျှဖြေလျှော့ပေးရန်ကြိုးပမ်းနေကြောင်း၊ Non –Trade Income များပိုမိုရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုပါက ကုန်သွယ်မှုအပေါ်မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်၍ တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကုန်ထုတ်လုပ်မှု အားနည်းချက်မှာ သွင်းအားစုများဈေးကြီးမြင့်ခြင်းကြောင့်ဟု အချို့က သုံးသပ်ကြသော်လည်း အဓိကအားဖြင့် အကျိုးအမြတ်ရရှိမှုအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းသည်ကိုတွေ့ရကြောင်း၊ အကျိုးအမြတ်နည်းသော်လည်း များများထုတ်လုပ်၊ များများလည်ပတ်နိုင်ပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ စိုက်ပျိုး၊ မွေးမြူရေးအတွက် အဓိကသွင်းကုန်ဖြစ်သည့် ဓာတ်မြေဩဇာနှင့် အခြားလိုအပ်ချက်များလွယ်ကူစွာ တင်သွင်းနိုင်ရေး ရော်ဘာလုပ်ငန်းရှင်များအား ပို့ကုန်ရငွေ၏ ၇၀ ရာခိုင်နှုန်းကို သုံးစွဲခွင့်ပေးထားကြောင်း၊ အခြားအဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ဆန်၊ ပြောင်း၊ ပဲနှင့် ထွက်ကုန်များ ပြည်ပသို့တင်ပို့မှု(Export) ကိုလည်း ၎င်းအတိုင်းဖြေလျှော့မှုပေးနိုင်ရေး လျာထားဆောင်ရွက်သကဲ့သို့ ၎င်းရငွေမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ တိုက်ရိုက် တင်သွင်းနိုင်ရေးဆောင်ရွက်၍ စီးပွားရေးမြှင့်တင်ရမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ရာတွင်လည်း အကျိုးအမြတ်အတွက်ရှိသကဲ့သို့ နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အဓိကလိုအပ်သည်မှာ ကုန်ထုတ်လုပ်မှုကို အားပေးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက်ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့် သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များအောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် တာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို သိရှိရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပိုင်းနှင့် ထုပ်ပိုးမှုအပိုင်းတို့တွင် အားနည်းချက်များရှိပြီး လိုအပ်သည့်နည်းပညာများကို ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ အရည်အသွေးပိုင်း ကောင်းမွန်ပြီး ဆွဲဆောင်မှုရှိမှသာလျှင် ဈေးကွက်ဝင်ရောင်းကုန်ပစ္စည်းများဖြစ်လာမည်ဖြစ်သဖြင့် အသေးစိတ် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### သဘာဝထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လို

အလားတူ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း အားပေးကြရန်လိုပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

သဘာဝထွက်ပစ္စည်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့်ပစ္စည်းများကို အခြေခံသည့် အသုံးအဆောင်ပစ္စည်းများ များစွာရှိသည့်အတွက် ဒေသတစ်ခုတည်း ဈေးကွက်မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကိုဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

### ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို ချီးကျူးအသိအမှတ်ပြု

ပြီးခဲ့သည့်သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလအတွင်း အဖျက်အမှောင့်လုပ်ရပ်များ မည်သို့ပင်ရှိနေသည်ဖြစ်သော်လည်း ပြည်သူလူထုတို့ စိတ်အေးချမ်းပျော်ရွှင်စွာဖြတ်သန်းနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်လုပ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် အလုပ်လုပ်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများရရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက် ပညာရေးကို အားပေးရမည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရန်လိုကြောင်း၊ အခြေခံပညာနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်သည့် နယ်မြေများမှလွဲ၍ ကျန်နယ်မြေများတွင် ရာနှုန်းပြည့် ကျောင်းတက်ရောက်လျက်ရှိပြီး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး ဆရာ ဆရာမများအပြင် သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများကြောင့် အချို့တက္ကသိုလ်များပိတ်ခဲ့ရကြောင်း၊ အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူးအသိအမှတ်ပြုပါကြောင်း၊ ဒေသဆိုင်ရာအစိုးရများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် ရပ်ဝေးမှလာရောက်တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍လည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ကြရန်လိုပြီး ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ဒေသအလိုက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

**❖ လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက် ပညာရေးကိုအားပေးရမည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရန်လို**

**❖ အခြေခံပညာနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်သည့် နယ်မြေများမှလွဲ၍ ကျန်နယ်မြေများတွင် ရာနှုန်းပြည့် ကျောင်းတက်ရောက်လျက်ရှိပြီး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး ဆရာ ဆရာမများအပြင် သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို**

**❖ အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ကျန်းမာရေးကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူးအသိအမှတ်ပြု**

### ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိ၊ အကြမ်းဖက်သမားများအနေဖြင့် ဒေသနှင့် ဒေသခံများ ခံစားရမည့် အကျိုးဆက်ကို ကိုယ်ချင်းစာဆောင်ရွက်ရန်လို

ရခိုင်ပြည်နယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် အခက်အခဲများကြုံတွေ့ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း ခက်ခဲကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှ ယခုတိုင်အောင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ်သည် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော တိုးတက်နေသည့်အခြေအနေကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ရှိသည့် AA လက်နက်ကိုင်အဖွဲ့အစည်းသာလျှင် ဖြစ်ကြောင်း၊ ရခိုင်ဒေသသည် သဘာဝဘေးအန္တရာယ်ကိုလည်း မကြာခဏခံစားရလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မကြာခဏ ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ပြင် ဘင်္ဂါလီအရေးအခင်းကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ ယခုထပ်မံ၍ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝဒေသတို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဒေသတွင်း၌ပဋိပက္ခများဖြစ်ပေါ်နေခြင်း၏ဆိုးကျိုးကို ဒေသခံများကသာ ခံစားရမည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အအုံများ၊ ရှေးဟောင်းအမွေအနှစ်များသည် အဖျက်အမှောင့်လုပ်ရပ်များကြောင့် တစ်ခဏတာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်အတွက် များစွာအချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့်အချိန်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် နိုင်ငံတော်မှ ပြင်းပြင်းထန်ထန်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် ဒေသခံများ ပြန်လည်အလုပ်လုပ်နိုင်ရေး မိုးတွင်းကာလအတွင်း၌ပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးအောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက် တာဝန်ပေး၍ ခြောက်လခန့်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်မှသာလျှင် ၎င်းနယ်မြေများသည် ပြန်လည်နာလန်ထူလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင်အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဒေသခံများအနေဖြင့် ထပ်မံခံစားကြုံတွေ့နေရကြောင်း၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကိုပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများသုံးစွဲနေရကြောင်း၊ အလားတူ ကယားပြည်နယ် **လွိုင်ကော်ဒေသတွင် ယခင်နှစ်ကလည်း KNPP နှင့် KNDF အကြမ်းဖက်အဖွဲ့များကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အခြေအနေများ ပြန်လည်တည်ငြိမ်ခဲ့ချိန်တွင် ပြည်သူများအနေဖြင့် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၎င်းတို့၏ ချွေးနဲ့စာဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ KNPP အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ နေအိမ်အဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလွန်ပင်ခက်ခဲသွားပြီဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဆက်လက်၍ မိုက်တွင်းနက်နေမည်ဆိုပါက မိုက်တွင်းနက်သည့်ဒဏ်ကို ဒေသရှိပြည်သူများကသာ ခံစားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **မြေစာပင်ဖြစ်နေသည့်ပြည်သူကို ကိုယ်ချင်းစာရန်နှင့် ဆက်လက်၍ မမိုက်မဲကြဘဲ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရန်လိုမည်ဖြစ်ကြောင်း။**

ထို့ကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည်မဟုတ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားရေးလုပ်ငန်းသုံးရပ်ကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာပါက ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စီးပွားရေးအရလည်း ထိခိုက်မှုရှိပြီး ခရီးသွားလုပ်ငန်း၌ များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှသာလျှင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

### လူထုအားကစားလှုပ်ရှားမှုမှသည် လူတိုင်းကျန်းမာကြံ့ခိုင်ရေး ဖော်ဆောင်ပေးရမည်

လက်ရှိအချိန်၌ ဆောင်းရာသီကာလ လူထုစုပေါင်းအားကစား ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားမှုများကိုတွေ့မြင်ရပြီး စုပေါင်းအားကစားလှုပ်ရှားမှုမှသည် လူတိုင်း၏ကျန်းမာကြံ့ခိုင်ရေးသို့ ဖော်ဆောင်ပေးရန်လိုကြောင်း၊ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားရာသီ၊ အားကစားလှုပ်ရှားမှုမှသည် တစ်နှစ်ပတ်လုံး ကိုယ်လက်ကြံ့ခိုင်ရေးကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ လက်ရှိအချိန်၌ ဆောင်းရာသီကာလ လူထုစုပေါင်းအားကစား ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားမှုများကိုတွေ့မြင်ရပြီး စုပေါင်းအားကစားလှုပ်ရှားမှုမှသည် လူတိုင်း၏ကျန်းမာကြံ့ခိုင်ရေးသို့ ဖော်ဆောင်ပေးရန်လို**

**❖ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုများ ရှိရမည်**

**❖ ကျန်းမာကြံ့ခိုင်မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်**

**❖ အားကစားရာသီ၊ အားကစားလှုပ်ရှားမှုမှသည် တစ်နှစ်ပတ်လုံး ကိုယ်လက်ကြံ့ခိုင်ရေးကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းလို**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

၁၉၈၀ ပြည့်နှစ်တွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဦးတည်၍ အယူသီလတူမျှကြသော သုဓမ္မာ၊ ဒွါရ၊ ရွှေကျင် စသည့် ဂိုဏ်းကြီးကိုးဂိုဏ်းကို အတည်ပြု၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းတော်မူနိုင်ခဲ့ကြပါသည်။ ယင်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လာခဲ့ရာ ထိုအဖွဲ့အစည်းကြီး၏ သက်တမ်းသည်ပင် ပထမအကြိမ်မှစ၍ အဋ္ဌမအကြိမ်တိုင် ရောက်ရှိလာကာ နှစ်ပရိစ္ဆေဒအားဖြင့် ၄၃ နှစ်တိုင် ကြာညောင်းခဲ့ပြီး မယိမ်းမယိုင် ရပ်တည်လာနိုင်ခဲ့ကြပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ကြခြင်းမှာလည်း ကျေးဇူးတော်ရှင် ရှေးရှေး ဒီဃဒဿီဆရာအဆက်ဆက်၏ ဒက္ခ , အနလသ, ဝီမံသ အရည်အသွေးတို့ကြောင့် ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သမ္ဗုဒ္ဓါလေးပါးတို့တွင် ဥဋ္ဌာနသမ္ဗုဒ္ဓါကို " တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" ထို မိမိတို့လုပ်ငန်းကိစ္စအဝဝ၌ ကျွမ်းကျင်၏။ မပျင်းမရိ လုံ့လရှိ၏။ လုပ်ငန်းကိစ္စတိုင်းတွင် စူးစမ်းနှိုင်းချိန်တတ်သော ပညာနှင့်ပြည့်စုံ၏။ ပြုလုပ်နိုင်စွမ်းရှိ၏။ စီမံနိုင်စွမ်းရှိ၏ဟု အင်္ဂုတ္တိုရ်ပါဠိတော် အံ၊စတုက္ကနိပါတ၊၃၄၄) တွင် မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့ပါသည်ဘုရား။

ထိုမြတ်ဗုဒ္ဓ၏ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ကြ၍ သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်ဖွဲ့စည်း၍ တာဝန်ကျေကျေထမ်းဆောင်တော်မူခဲ့ကြသည့် ဆရာ့ ဆရာမထေရ်တို့သည် မိမိတို့ဆောင်ရွက်ရမည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဟူသော သာသနာတော်ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့်ပညာနှင့်ပြည့်စုံသော၊ ပြုလုပ်ရန် စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် မထေရ်မြတ်များဖြစ်ကြသည်ကို ယုံမှားဖွယ်မရှိပါဘုရား။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုင် သံဃာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းများ အစဉ်မပျက် အရှိန်အဟုန်မပျက်




သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်လျက်ရှိခြင်းကပင် သက်သေဖြစ်နေပါသည်ဘုရား။ ထိုသို့ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့၌ ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများကို အားနည်းချက်လစ်ဟာချက်များနည်းသည်ထက်နည်းအောင် ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း ဘုရားရှင်၏ ဓမ္မဝိနယနှင့်လျော်ညီစွာ ရေးဆွဲခဲ့၍လည်းဖြစ်ပါသည်ဘုရား။

ဝိနိစ္ဆယရေးရာနှင့်ပတ်သက်၍ အဓိကရုဏ်းမှုခင်းတစ်ခုစတင်ဖြစ်ပွားသည်မှစ၍ အေးငြိမ်းသည့်တိုင်အောင် လုပ်ငန်းစဉ်များကို အသေးစိတ်ပြည့်စုံစွာ ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အာဏာစက်ဓမ္မစက်၊ ပဂ္ဂဟ နိဂ္ဂဟလမ်းစဉ်ဖြင့် ပြီးပြတ်သည်အထိ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါသည် ဘုရား။ သာသနာရေးရာနှင့်ပတ်သက်၍ နိုင်ငံတော် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ် ဟူသော နိုင်ငံတော်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နာယက၊ ဝန်ဆောင်၊ ဝိနည်းဓိုရ် စသည်ဖြင့် ရပ်/ကျေးအဆင့်အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဂိုဏ်းအသီးသီးအလိုက် အဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း တိကျခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ ထို့အပြင် သံဃာ့အဖွဲ့အစည်းများ သာမဏေ သီလရှင်အမှုဆောင်အဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။

ပညာရေးရာနှင့်ပတ်သက်၍လည်း အဆင့်အမြင့်ဆုံး တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို စည်းမျဉ်းစည်းကမ်းအလိုက် ကျင်းပနိုင်ခဲ့သည်မှာ စိန်ရတုနှစ်ပင်တိုင်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ အလားတူပင် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ အစိုးရနိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စသော စာမေးပွဲအသီးသီးကိုလည်း သက်ဆိုင်ရာစာမေးပွဲများ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း နှစ်စဉ်ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏စီမံတည်ထောင်မှုဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုလည်း ၁၃၄၈(၁၉၈၆-၈၇)ခုနှစ်ကပင် စတင်ဖွင့်လှစ်လာခဲ့ရာ ယခုအချိန်အထိ အရှိန်အဟုန်မပျက် ဖွင့်လှစ်သင်ကြားနေဆဲပင် ဖြစ်ပါသည်ဘုရား။ နိုင်ငံတကာအဆင့်နှင့်ယှဉ်၍ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် ကမ္ဘာအနှံ့ပြန့်ပွားစေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကိုလည်း ၁၉၉၈ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်၍ ယနေ့တိုင် နိုင်ငံသားရဟန်းတော် သီလရှင် ယောဂီများသာမက ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ ရဟန်း၊ သီလရှင်၊ ယောဂီ ကျောင်းသား ကျောင်းသူပေါင်း များစွာတို့ကို သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ရှေးရှေးဆရာ့ဆရာ ဒီဃဒဿီမထေရ်တို့၏ တာဝန်များကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ကြသည့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များသည်လည်း ရှေးဆရာထေရ်တို့၏ထုံးကို နှလုံးမူ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များ၌ ကျွမ်းကျင်သော၊ စူးစမ်းနှိုင်းချိန်နိုင်သည့် ပညာနှင့်ပြည့်စုံသော၊ ပြုလုပ်ရန် စီမံခန့်ခွဲရန်လည်း စွမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် အရှင်မြတ်များဖြစ်လာစေရန် ပိဋကတ်တော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသည်များ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာ စသည်များကို ကျေညက်အောင်လေ့လာထားရမည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

အထူးသတိပေးလျှောက်ထားလိုသည်မှာ-

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊
ယော ဓမ္မံ အတိဝတ္တတိ။
နိဟီယတိ တဿ ယသော၊
ကာဠပက္ခေဝ စန္ဒိမာ (ဝိ/၅၊ ၂၉၄)

အဂတိ လေးပါး လိုက်သောပုဂ္ဂိုလ်၏ ဂုဏ်သတင်းကျော်စောခြင်း စသည်သည် လဆုတ်ပက္ခ၌ လကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏ဟူသော ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်ကို ဦးထိပ်ပန်ဆင်၍ အဂတိလေးပါးကင်းစင်အောင် အမြဲမပြတ် နှလုံးသွင်းဆင်ခြင်သင့်ပါသည်ဘုရား။ ထိုလေးပါးတို့တွင် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိတို့မှ ကင်းစင်ရန် သတိသမ္ပဇဉ် အမြဲယှဉ်ပါက လွယ်ကူသော်လည်း မောဟာဂတိ ကင်းစင်ရန် မလွယ်ကူပါ။ **" လောက မဖျင်းစေနှင့် ဓမ္မမယွင်းစေနှင့်"** ဟူသော ရှေးပညာရှိတို့၏ အဆိုအမိန့်နှင့်အညီ လောကဘက် ၊ ဓမ္မဘက် နှစ်ဖက်လုံးကျွမ်းကျင်နေမှသာ မောဟာဂတိမှ ကင်းစင်နိုင်ပါသည်။ သို့ဖြစ်၍ မိမိတို့လုပ်ငန်းကိစ္စအဝဝ၌ ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်များအဖြစ် ကျရောက်လာသည့် တာဝန်ဝတ္တရားများကို အဂတိကင်းစွာ ဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းရင်း ဘုရားတပည့်တော်၏ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိကျမ်းတော်ကြီး အသံမစဲရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

မြဝတီ ဒီဇင်ဘာ ၄

ကရင်ပြည်နယ် မြဝတီမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိကျမ်းတော်ကြီး အသံမစဲရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က စတင်ကာအဆိုပါစေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဝတ်တော်အတွင်း ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခ တပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒ အမှူးရှိသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသ့ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်



ပူဇော်ခြင်းကို ဒေသ့ပရိသတ်အပေါင်းတို့က နာယူကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ အဆိုပါစေတီတော်မြတ်ကြီး၌ ဥပ္ပါတသန္တိကျမ်းတော်ကြီး အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ဒီဇင်ဘာ ၃ ရက်မှ ၁၁ ရက်အထိ ကိုးရက်တိုင်တိုင် နေ့/ညမပြတ် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းများသို့ ရန်ပုံငွေပေးအပ်

ရွာငံ ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ရန်ပုံငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ ဖတ်ကြားရှင်းလင်းခဲ့သည်။

### ပံ့ပိုးပေးအပ်ခဲ့

အဆိုပါအခမ်းအနားတွင် ကော်ဖီကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေသည့် မြို့နယ်သမဝါယမအသင်းစုသို့ ငွေကျပ်သန်း ၁၀၀ ၊ ထမင်းပေါင်းလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းသို့ ငွေကျပ်သန်း ၁၀၀ ၊ မြိုင်လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းသို့ ငွေကျပ်သန်း ၁၀၀ နှင့် စိုက်ပျိုးရေးအစုအဖွဲ့နှစ်ဖွဲ့သို့ ငွေကျပ်သန်း ၁၆၀ စုစုပေါင်းငွေကျပ်သန်း ၄၆၀ အား ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။

**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို ကဏ္ဍအလိုက် တင်သွင်းကြရာ ဝိနိစ္ဆယရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာ ဘိဝံသက လည်းကောင်း၊ သာသနာရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ အစီရင်ခံစာကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ ကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရပ်နားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမ အစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း အလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့ကို ရည်စူး၍ သမီး (သဒ္ဓမ္မဇောတိကဓဇ)ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၄)နှင့် အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲ ကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၄**

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေး သင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ယနေ့နံနက်၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား အမျိုးသားရေးအမြင် ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရန် အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တွင် ဆောင်ရွက်လျက်ရှိသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းပညာရပ်များကို ထဲထဲဝင်ဝင် သိရှိစေရန်၊ စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းပြီး ပြည်သူ့အကျိုးရှေးရှုသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ချမှတ်ထားသော သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး မိခင်ဝန်ကြီးဌာန၏ ဂုဏ်ဆောင်နိုင်ပြီး ကြိုးစားကြရန်၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တက်တက်ကြွကြွဖြင့် နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သော အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၄)သို့ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၁၂၀ စုစုပေါင်း ၂၄၃ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ် (၁၀)၏ In-House သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် အုန်းတောခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံ ဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် သင်တန်းသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်အလတ်အဆင့် အရာထမ်းများ၏ အရည်အသွေး ပိုမိုမြင့်မားလာပြီး မှန်ကန်သည့် ခံယူချက်၊ ယုံကြည်ချက်တို့ ခိုင်မာမြင့်မားစေရန်နှင့် နိုင်ငံတော်အတွက် ယုံကြည်အားကိုးရပြီး အနာဂတ်၌ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်စေရန်အတွက် စွမ်းရည်မြင့်မားလာစေရန် လေ့ကျင့်ပေးသော သင်တန်းဖြစ်ပါကြောင်း။

သင်တန်းကာလတစ်လျှောက် ချမှတ်ထားသော စည်းကမ်းများကို တိကျစွာ လိုက်နာကြပြီး လေ့ကျင့်ပို့ချပေးသည့် သင်ခန်းစာများကို ဂရုတစိုက် သင်ယူမှတ်သားသွားကြရန်နှင့် သင်တန်းကို အောင်မြင်စွာ ပြီးဆုံးသည်အထိ ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့်အရာထမ်း သင်တန်းအမှတ်စဉ်(၁၀) ကို ဩဂုတ် ၇ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ Distance Learning ဖြင့်ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ In-House Learning ဖြင့် ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသို့ သင်တန်းသား ၄၄ ဦး၊ သင်တန်းသူ ၄၉ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက အေရိုးဗစ်အကနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲ (၃/၄) တို့ဖြင့် သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယခုကျင်းပသည့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင် အားကစားနည်းများကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်သည့်အတွက် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း။

အားကစား မောင်မယ်များ အနေဖြင့် မိမိ၏ဂုဏ်၊ ကျောင်း၏ဂုဏ်၊ မြို့နယ်၏ဂုဏ်၊ တိုင်းဒေသကြီး/ပြည်နယ်၏ ဂုဏ်ကို အားကစား ထူးချွန်မှုဖြင့် စွမ်းဆောင်မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရာတွင် တရားသော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ အားကစားဆိုသည်မှာ အနိုင်အရှုံးတစ်ခုတည်းကို ဦးတည်ယှဉ်ပြိုင်ခြင်းမျိုး မဟုတ်ဘဲ ဖွဲ့ရှိမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ သည်းခံမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းကမ်းရှိသေလေးစားလိုက်နာမှု၊ ယဉ်ကျေးလိမ္မာမှု၊ အားကစားကို ချစ်မြတ်နိုးမှု စသည်တို့ကိုပါ ဖော်ထုတ်ပြသရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားမောင်မယ်ကျောင်းသား ကျောင်းသူများအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန် ကြိုးစားကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မိမိတိုင်းဒေသကြီး/ပြည်နယ်များ၏ ဂုဏ်ကိုဆောင်နိုင်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံတော်မှ အားထားရသည့် အားကစားသမားများ ပေါ်ထွက်လာအောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏အနာဂတ်ကို လက်ဆင့်ကမ်း ပခုံးပြောင်း တာဝန်ယူနိုင်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး "အခြေခံပညာ ကျောင်းသားအားကစားပွဲတော်"ကို ဖွင့်လှစ်ပေးသည်။

**အထိမ်းအမှတ်အလံလွှင့်တင်**

ထို့နောက် ကျောင်းသား အားကစားပွဲတော် အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အခြေခံပညာ ကျောင်းသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်ကျောင်းသား ကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တို့မှ အားကစားသမားများက အေရိုးဗစ်အက၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲ(၃/၄)၊ Physical Fitness Dance နှင့် ကျွမ်းဘားအားကစား သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကို ဒီဇင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ စုစုပေါင်း ၁၈၅၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်တို့မှ အားကစားသမားများက အေရိုးဗစ်အက၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအစီအစဉ် အတွဲ (၃/၄)၊ Physical Fitness Dance နှင့် ကျွမ်းဘားအားကစား သရုပ်ပြသစဉ်။

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# ထက်မြက်သည့် ပညာအခြေခံ အမျိုးသားရေးအားမာန်နှင့် အမျိုးသားအောင်ပွဲသန္နိဋ္ဌာန်

မိုးကေနိုင်

နိုင်ငံတစ်နိုင်ငံမှာ ရာနဲ့ချီတဲ့ (၁၃၅ မျိုးသော) လူမျိုးအစုအပေါင်းတို့နဲ့ ဖွဲ့တည်ရာ ပြည်ထောင်စုကြီးမှာ မျိုးချစ်စိတ်လည်း မရှိရ၊ နိုင်ငံချစ်စိတ်လည်း မရှိရ၊ ပြည်ထောင်စုစိတ်ဓာတ်လည်း မရှိရဘူးဆိုတဲ့ အဖြစ်။

အသိပညာတို့၊ မျိုးချစ်စိတ်တို့၊ နိုင်ငံချစ်စိတ်တို့၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဆိုတာ ဒီနေ့ဒီအချိန်မှာ အလုပ်မဖြစ်တော့ဘူးဆိုတဲ့အသိ။

ဒီလို ရှက်စရာကောင်းပြီး အလုပ်မဖြစ်တဲ့ စိတ်ဓာတ်မျိုးကို လုံးဝခံယူထား၍ မဖြစ်ပါ။ အင်္ဂလိပ်ကျွန်ဖြစ်ခဲ့တာ မမေ့ဖို့လိုသလို ရှည်လျားလှတဲ့ အတိတ်ကာလတစ်လျှောက် ခါးသီးစွာခံခဲ့ရတဲ့ ကိုလိုနီလက်အောက်ခံဘဝမှာ ကိုလိုနီတစ်ပါးကျွန်လက်အောက်က ရုန်းထွက်လွတ်မြောက်ဖို့ တိုက်ပွဲဝင်ခဲ့ကြတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ခံယူခဲ့ကြတဲ့ စိတ်ဓာတ်ဟာလည်း ဒီမျိုးချစ်စိတ်ပါပဲ။

ရပြီးခဲ့တဲ့ လွတ်လပ်ရေး တစ်ပါးသူလက်ပြန်ပါမသွားအောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ တစ်စကလေးမျှ တစ်ပွန်းတစ်ပဲ့စီဖြစ်မသွားအောင် အသက်ခန္ဓာတွေ အများကြီးပေး ကာကွယ်စောင့်ရှောက်ခဲ့ကြတာကလည်း ဒီနိုင်ငံချစ်စိတ်ပါပဲ။ တိုင်းရင်းသားလူမျိုး ကြီး၊ ငယ် အားလုံး ညီညီညွတ်ညွတ်မျှမျှတတနဲ့ စုစည်းနေထိုင်ကြတာလည်း ဒီပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပဲ မဟုတ်ပါလား။

### ခံယူချက်သဘောထားတွေးခေါ်ပုံတွေ ပြောင်းလဲနိုင်ခဲ့ကြလို့သာ

ဒါပေမဲ့ ယနေ့အချိန်အခါ လူငယ်တချို့မှာ ခေါင်းပါးလှတဲ့ အတွေးအမြင်အချို့နဲ့ယှဉ်ပြီး အမျိုးသားရေးအားမာန်နဲ့ မျိုးချစ်စိတ် အားနည်း၊ ယုတ်လျော့လာတဲ့ အခြေအနေအရပ်ရပ်ကို နေရာတကာမှာ တွေ့မြင်ကြားသိနေလေရဲ့။ ယနေ့ကာလကြီးမှာ ကမ္ဘာပေါ်မှာ ခွဲထွက်ခွင့်ပေးလိုက်လို့ ဘယ်နိုင်ငံ၊ ဘယ်ဒေသတွေများ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေတာ တွေ့မြင်ရပါသလဲ။ နဂိုကတည်းက အာဃာတအမုန်းတွေနဲ့၊ အုပ်စုကွဲ အမြောက်အမြားနဲ့ အခြေခံအဆောက်အအုံနဲ့ နည်းပညာက မဖွံ့ဖြိုး၊ အသိပညာရည်နိမ့်ပါးပြီး မငြိမ်းချမ်းမဖွံ့ဖြိုးတဲ့နိုင်ငံတွေ၊ ဒေသတွေမှာဆိုပိုဆိုးတာပေါ့။ အထူးသဖြင့် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်တွေအတွက် ရည်ရွယ်ပြီး အများကြီးသိစေချင်ပါတယ်။

ဒီနိုင်ငံ၊ ဒီမြေ၊ ဒီရေ၊ ဒီလေကို တို့ဘိုးဘွားဆွေစဉ်မျိုးဆက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြလို့သာ ယခုလိုကာလအထိ အချုပ်အခြာဟာ တည်တံ့ခိုင်မြဲနေရခြင်းဖြစ်တယ်။ မျိုးဆက်အဆက်ဆက်တို့က တိုင်းပြည်ကို အခက်အခဲကြားက ထိန်းသိမ်း တည်ဆောက်နိုင်ခဲ့ကြလို့သာ ယနေ့ ပြည်ထောင်စုကြီးနဲ့ တို့တွေ ယခုတွေ့နေမြင်နေရတဲ့ ဘာသာ၊ သာသနာ၊ စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အသီးသီးဟာ ခိုင်မြဲနေတယ်ဆိုတဲ့အချက်ကို မမေ့ကြဖို့နဲ့ အစဉ်လေ့လာနေဖို့ လိုပါတယ်။

မျိုးချစ်စိတ်ကို အဓိက တဖွဖွဆိုရာမှာလည်း မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဟာ မျိုးချစ်စိတ်ကိုသာ အခြေခံခဲ့လို့ ဖြစ်ပါတယ်။ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တစ်ဝိုက်က စတင်လိုက်တဲ့ မြန်မာတိုင်းရင်းသား ခေတ်ပညာတတ်ကျောင်းသားလူငယ်လေးတွေရဲ့ ကိုလိုနီပညာရေးအပေါ် အမျိုးသားပညာရေးသပိတ် တိုက်ပွဲလှုပ်ရှားမှုဟာ လွတ်လပ်ရေးအတွက် တစ်နိုင်ငံလုံးအုံကြွလှုပ်ရှားမှုအားလုံးရဲ့ အခရာဖြစ်ခဲ့ပြီး တစ်နိုင်ငံလုံးနယ်ချဲ့ကို မလိုချင်တော့တဲ့အထိ လွတ်လပ်လိုတဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့မွေးဖွားရာ မျိုးစေ့သဖွယ်ဖြစ်ခဲ့ပါတယ်။

အရေးကြီးတာက ထိုခေတ်က လူငယ်တွေဟာ သူတို့ရဲ့သဘောထားတွေ၊ တွေးခေါ်ပုံတွေကို အခြေအနေအလိုက် ပြောင်းလဲနိုင်ခဲ့ကြခြင်းပါပဲ။ ခံယူချက်ပြောင်းလဲမှုနဲ့အတူ ပြင်းထန်တဲ့အမျိုးသားရေးဇာတိမာန်ကြောင့်သာ လွတ်လပ်ရေးကြီး ရခဲ့တာဖြစ်တယ်ဆိုတာ မမေ့ဖို့ပါပဲ။ ဒီလိုပညာသန္ဓေကောင်းခဲ့တဲ့ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး ယနေ့လူငယ်များအနေနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ကျောင်းသားတွေကို နမူနာယူကာ နိုင်ငံရဲ့ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှာ စွမ်းဆောင်ရည်မြင့်မြင့်နဲ့ အကောင်းဆုံး ပါဝင်ကြစေချင်ပါတယ်။

> ကျောင်းသားလှုပ်ရှားမှု၊ အမျိုးသားပညာရေးကတစ်ဆင့် သန္ဓေတည်လာတဲ့ အမျိုးသားအောင်ပွဲကနေ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို မွေးဖွားပေးခဲ့တဲ့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့စိတ်ဓာတ်ကိုသက်သေပြုပြီး ယခုလိုအခြေအနေမှာလိုအပ်နေတဲ့ တစ်မျိုးသားလုံးရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ ပြန်လည်နိုးထရန်အချိန်တန်ပြီလို့ ယူဆပါတယ်။ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဒေသအလိုက်၊ လူမျိုးအလိုက် တန်ဖိုးထားရတဲ့ အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်များ ဓလေ့ထုံးစံ၊ ဘာသာ၊ စာပေနဲ့ သိမ်မွေ့နက်နဲလှတဲ့ အနုသုခုမပညာရပ်တွေ မပျက်ပြားမယိုယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ အမျိုးသားရေးစရိုက်လက္ခဏာများ မတိမ်ကောမှာဖြစ်တယ်ဆိုတာကို များစွာသတိပြုရမှာဖြစ်ပါတယ်။

### ဆက်စပ်နေတဲ့အမျိုးသားပညာရေးနဲ့ မျိုးချစ်စိတ်

အမျိုး၊ ဘာသာ၊ သာသနာကို မီးထိုးပေးခဲ့တဲ့ အမျိုးသားရေးအားမာန်အစပျိုးရာ မီးပွားတစ်စဟာ လွန်ခဲ့တဲ့ ၁၉၂၀ ကစပြီး နိုင်ငံတစ်ဝန်းမှာ စတင်တောက်လောင်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာတယ်ဆိုတာလည်း အားလုံးအသိပါ။ မကြာမီကျရောက်တော့မယ့် အမျိုးသားအောင်ပွဲနေ့ဟာလည်း ရာပြည့်နှစ်မက ကျော်လွန်လို့ သုံးနှစ်ထဲစွန်းခဲ့ပါပြီ။

ဂျီစီဘီအေ ရာပြည့်၊ အမျိုးသားကျောင်းရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့် ကာလတွေဟာလည်း အမျိုးသားနေ့ရာပြည့်နဲ့အတူ တောက်ပခဲ့ဖူးပါပြီ။ ကိုလိုနီဘဝက အမျိုးသားအောင်ပွဲရဲ့ထူးခြားချက်ကနေ မျိုးချစ်စိတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပညာရေးရေခံမြေခံကောင်းတွေနဲ့အတူ မွေးဖွားပေးနိုင်ခဲ့ခြင်းကို နမူနာယူဖို့ပါပဲ။ ထို့ပြင် နိုင်ငံနဲ့လူမျိုးအတွက် အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်မယ်ဆိုရင် ပညာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အမျိုးသားရေးတာဝန်တွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေမှုကို ဖော်ထုတ်နိုင်ဖို့ပါပဲ။

ဒါပေမဲ့ ကံမကောင်းတာက နိုင်ငံမှာ ပညာရေးရေခံမြေခံ ရေသောက်မြစ်နဲ့ အကိုင်းအခက်များစွာဟာ ရိုက်ချိုးဖျက်ဆီးခံနေရခြင်းပါပဲ။ အဆက်မပြတ်တည်ဆောက်နေတဲ့ကြားက အဖျက်ဆီးခံနေရခြင်းပါ။ အားလုံးကို ပညာမဲ့တွေဖြစ်စေလိုတဲ့ အန္တိမရည်မှန်းချက်နဲ့ဘာသာတရားကိုပါ အမှည့်ခြွေခံနေရခြင်းများကို အမှုမဲ့အမှတ်မဲ့မနေသင့်ပါဘူး။ ဘာသာသာသနာနဲ့ အသိပညာဟာ စစ်မှန်တဲ့ အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းသိဖို့လိုပါပြီ။

ကျောင်းသားလှုပ်ရှားမှု၊ အမျိုးသားပညာရေးကတစ်ဆင့် သန္ဓေတည်လာတဲ့ အမျိုးသားအောင်ပွဲကနေ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို မွေးဖွားပေးခဲ့တဲ့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့စိတ်ဓာတ်ကို သက်သေပြုပြီး ယခုလိုအခြေအနေမှာလိုအပ်နေတဲ့ တစ်မျိုးသားလုံးရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ ပြန်လည်နိုးထရန်အချိန်တန်ပြီလို့ ယူဆပါတယ်။ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဒေသအလိုက်၊ လူမျိုးအလိုက် တန်ဖိုးထားရတဲ့ အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်များ ဓလေ့ထုံးစံ၊ ဘာသာ၊ စာပေနဲ့ သိမ်မွေ့နက်နဲလှတဲ့ အနုသုခုမပညာရပ်တွေ မပျက်ပြားမယိုယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ အမျိုးသားရေးစရိုက်လက္ခဏာတွေ မတိမ်ကောမှာဖြစ်တယ်ဆိုတာကို များစွာသတိပြုရမှာဖြစ်ပါတယ်။

### ဝံသာနုနိုးကြားမှုအရှိန်ကို မြှင့်တင်ခဲ့သည့် လှုပ်ရှားမှုများ

ထိုခေတ်ထိုအခါက လှုပ်ရှားခဲ့ကြတဲ့ ကျောင်းသားတွေဟာ ပညာရေးအတွက်၊ တိုင်းပြည်အတွက်၊ ကိုယ်ကျိုးမကြည့်ဘဲ တိုင်းပြည်နဲ့ လူမျိုးအတွက်ကိုသာကြည့်ပြီး စွန့်လွှတ်စွန့်စားခဲ့ဟန်တူပါတယ်။ ဆိုလိုတာက နယ်ချဲ့အစိုးရကပေးတဲ့ ကိုလိုနီပညာရေး၊ ဘာဘွဲ့၊ ဘယ်မြို့ဘယ်နယ်ပိုင်၊ ဘယ်အရေးပိုင်ရာထူးကိုမှ မတပ်မက်ခဲ့ကြခြင်းပါ။ ထိုထိုအနစ်နာခံစိတ်တွေဟာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စိတ်ဓာတ်၊ ဩဇာပြင်းပြတဲ့ ခေါင်းဆောင်ကောင်းစိတ်ဓာတ်တွေရဲ့ ရေခံမြေခံ မွေးဖွားရာဖြစ်တယ်ဆိုလည်း မမှားပါဘူး။

တစ်မျိုးသားလုံးညီညွတ်ရေး အခိုက်အတန့်တစ်ခုကို အစပျိုးနိုင်ခဲ့ခြင်းသည်ပင် ကိုလိုနီခေတ်ဂျီစီဘီအေ၊ ဝိုင်အမ်ဘီအေတို့လို အမျိုးသားရေးအသင်းအဖွဲ့တွေနဲ့ဆက်စပ်ပြီး ပညာ၊ ဘာသာ၊ လူမှုဝန်းကျင်ကောင်းတွေ ဖန်တီးနိုင်ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ မှတ်ယူမိပါတယ်။ မီးခဲပြာဖုံးဖြစ်နေတဲ့ ဇာတိသွေးဇာတိမာန်တွေဟာ ဝံသာနုနိုးကြားမှုအရှိန်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ထိုခေတ်လူငယ်တွေဟာ မျက်နှာဖြူနဲ့ မြန်မာတွေအကြား ခွဲခြားမှုကင်းတဲ့ ပညာရေးဥပဒေပြဋ္ဌာန်းပေးနိုင်ရေးကစလို့ မြန်မာပြည် ယူနီဗာစီတီ သီးခြားပေါ်ပေါက်လာဖို့၊ လယ်လုပ်သူ မြန်မာလယ်သမားတွေ လယ်ပိုင်ရေး၊ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်တွေ စီးပွားရေးမှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး တောင်းဆိုမှုတွေအထိ ခပ်စိတ်စိတ်လှမ်းနိုင်ခဲ့ကြပါတယ်။ ရေနံ၊ သတ္တု၊ အထည်၊ ဘဏ်လုပ်ငန်းတွေမှာ နယ်ချဲ့တွေ ကြီးစိုးမှုမှန်သမျှ ကန့်ကွက်နိုင်ခဲ့ကြပါတယ်။ အုပ်ချုပ်ရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးအထိ ရရှိဖို့အထိ တောင်းဆိုလှုပ်ရှားခဲ့ကြတယ်။ တိုင်းရင်းသားအကျိုး ဘယ်လိုမှရှေးရှုခြင်းမရှိတဲ့ ကိုလိုနီဥပဒေတွေကို သပိတ်မှောက်နိုင်ခဲ့ကြပါတယ်။

### သွေးခွဲမှုဆန်သည့်စွက်ဖက်မှုများ သတိထားရန်

သတိထားဂရုပြုရမယ့်အချက်တစ်ခုကို တင်ပြလိုပါတယ်။ ကိုလိုနီခေတ်က တိုင်းတစ်ပါးဗြိတိသျှတို့ပေးခဲ့တဲ့ ဒိုင်အာခီအုပ်ချုပ်ရေးဟာ မြန်မာတိုင်းရင်းသား မြန်မာလူမျိုးတွေရဲ့ စုစည်းညီညွတ်မှုစိတ်ဓာတ်ကို ဖြိုခွဲနိုင်ခဲ့တဲ့ သာဓကတစ်ခုလို့ဆိုနိုင်ပါတယ်။ ထိုစဉ်က ဂျီစီဘီအေအသင်းတွေ အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားပြီး နိုင်ငံရေးအယူအဆအမျိုးမျိုး၊ အစွဲအမျိုးမျိုးဖြစ်သွားရတဲ့အချက်ဟာ ယနေ့ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်တွေမှာ သင်ခန်းစာယူစရာတစ်ခု အချက်တစ်ခုအဖြစ် မမေ့မလျော့သတိမပေ့ါဖို့ လိုပါလိမ့်မယ်။ မြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုး၊ မတိုးတက်၊ အင်အားမကြီးမားအောင် လုပ်ချင်ရင် အလွန်လွယ်ပါတယ်။ မြန်မာတွေရဲ့စုစည်းမှု၊ စည်းလုံးမှု၊ ညီညွတ်မှုအားကို သွေးခွဲဖြိုခွဲလိုက်ရုံပါပဲ။ ကိုလိုနီခေတ် လွတ်လပ်ရေးရခဲ့တာမှသည် ယနေ့ထိတိုင် တိုင်းတစ်ပါးတို့ရဲ့အမျိုးမျိုးသော သွေးခွဲစွက်ဖက်ခြင်းများကြောင့် ခံစားနေရတဲ့ ယနေ့မြန်မာ တိုင်းရင်းသားတွေရဲ့ အနိဋ္ဌာရုံတွေက သက်သေပြလျက်၊ ပြဆဲဖြစ်ပါတယ်။

> ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်တွေကြည့်မယ်ဆိုရင်လည်း ဆုတ်ယုတ်ပျက်စီးတဲ့ နိုင်ငံအများစုရဲ့ အကြောင်းရင်းတစ်ခုမှာ ပညာအခြေခံတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးတာဝန်ကင်းမဲ့ခြင်း သို့မဟုတ် အမျိုးသားရေးစိတ်ဓာတ်အပေါ်မှာ ကျဉ်းမြောင်းတဲ့ခံယူကျင့်သုံးမှုနဲ့ တလွဲအမှားတွေကြောင့်ဆိုတာ လေ့လာမိပါတယ်။ ကိုလိုနီခေတ်က မြန်မာလူငယ်တွေဟာ ပညာရေးကိုပဲအခြေခံပြီး အနာဂတ်အမြော်အမြင်ကို ရင့်သန်အောင် လုပ်ခဲ့ကြတယ်။ အဖိနှိပ်ခံဘဝမှာ လွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ တစ်မျိုးသားလုံး ညီညွတ်အောင်ကြိုးစားကြရတဲ့ အတွေ့အကြုံများကို ထိထိရောက်ရောက် အသုံးချခဲ့ကြတယ်။

စာမျက်နှာ ၉ သို့ ☆

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည်
နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ် (TOT) သင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ နေပြည်တော်ဟိုတယ်ဇုန်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ဆရာဖြစ်(TOT)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကား ပြောကြားသည်။



**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာနှင့် သင်တန်းသားသင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည့်အတွက် ဝန်ဆောင်မှုပေးရသူများ၏ စွမ်းဆောင်ရည်များ ပြည့်ဝနေရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေနှင့် အသင်းအဖွဲ့များ လုပ်ငန်းလုပ်ကိုင်သူများနှင့် ပူးပေါင်း၍ ဧည့်ဝန်ဆောင်မှုဆိုင်ရာ ASEAN National Trainer (TOT) သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး ASEAN National Trainer စုစုပေါင်း ၅၈၇ ဦးရှိကာ ASEAN National Trainer သင်တန်းများကို သင်ကြားပို့ချနိုင်သော ASEAN Master Trainers ၁၈ ဦးနှင့် ASEAN Master Assessor ၁၉ ဦး စုစုပေါင်း ၃၇ ဦးရှိပြီဖြစ်ကြောင်း၊ ယခုသင်တန်းကို အာဆီယံမှသတ်မှတ်ထားသော ASEAN (MRA–TP) Guide-lines များနှင့်အညီ ASEAN Master Trainer လက်မှတ်ရရှိသူများက သင်ကြားပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာသောသင်တန်းသား သင်တန်းသူများအနေနှင့် မိမိတို့ဒေသနှင့် ဟိုတယ်ဇုန်များအလိုက် ပြန်လည်မျှဝေသင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)မှ တာဝန်ရှိသူက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် သင်တန်းသား ၂၀ စီဖြင့် ငါးရက်ကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အဆင့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပညာရေးမှူး ဦးမျိုးလွင်က အမျိုးသားအောင်ပွဲနေ့သည် တစ်မျိုးသားလုံးမျိုးချစ်စိတ်ဓာတ်များ ရှင်သန်နိုးကြားကာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်မားလာပြီး လွတ်လပ်ရေးရသည်အထိ သမိုင်းတွင် အရေးပါသည့်လှုပ်ရှားမှုကြီးဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတွင် အမျိုးသားအောင်ပွဲနေ့သည် အရေးပါသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ အမျိုးသားအောင်ပွဲနေ့ကို အစဉ်မမေ့သင့်ကြောင်းနှင့် အမျိုးသား အောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအား ရှင်းလင်းဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အထက်တန်းနှင့်အလယ်တန်း)အဆင့် ကဗျာ၊ ပန်းချီ၊ စာစီစာကုံး (အလွတ်တန်း)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ထားဝယ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ပန်းချီပြိုင်ပွဲတွင် ၄၁ ဦး၊ ကဗျာ ၂၂ ဦး၊ စာစီစာကုံး ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



☆ စာမျက်နှာ ၈ မှ

### ပညာအခြေခံ မှန်ကန်သည့်အမျိုးသားရေးကိုသာ

ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်တွေကြည့်မယ်ဆိုရင်လည်း ဆုတ်ယုတ်ပျက်စီးတဲ့ နိုင်ငံအများစုရဲ့ အကြောင်းရင်းတစ်ခုမှာ ပညာအခြေခံတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးတာဝန်ကင်းမဲ့ခြင်း သို့မဟုတ် အမျိုးသားရေးစိတ်ဓာတ်အပေါ်မှာ ကျဉ်းမြောင်းတဲ့ ခံယူကျင့်သုံးမှုနဲ့ တလွဲအမှားတွေကြောင့်ဆိုတာ လေ့လာမိပါတယ်။ ကိုလိုနီခေတ်က မြန်မာလူငယ်တွေဟာ ပညာရေးကိုပဲ အခြေခံပြီး အနာဂတ်အမြော်အမြင်ကို ရင့်သန်အောင်လုပ်ခဲ့ကြတယ်။ အဖိနှိပ်ခံဘဝမှာ လွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ တစ်မျိုးသားလုံး ညီညွတ်အောင်ကြိုးစားကြရတဲ့ အတွေ့အကြုံများကို ထိထိရောက်ရောက် အသုံးချခဲ့ကြတယ်။

ပညာကိုပညာတစ်ခုတည်းမထား၊ မူလပညာအခြေခံနဲ့အတွေ့အကြုံကို ပေါင်းစပ်လိုက်တဲ့အခါမှ သာလျှင် အတွေးအခေါ်၊ ဗဟုသုတရှိရှိ အမြော်အမြင်ကောင်းကောင်းနဲ့ အသိပညာပြည့်ဝတဲ့ ခေါင်းဆောင်ကောင်းတွေ ရရှိလာခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်မှာ ဒီမိုကရေစီအရေးပြောမလား၊ ဖက်ဒရယ်လမ်းကြောင်းပဲသွားမလား ဘယ်အရေး ဘယ်ကဏ္ဍမှာမဆို ချုပ်လိုက်ရင် အဓိကအချက်ဖြစ်တဲ့ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး" ဆိုသည့်လမ်းကြောင်းမှာ ပညာရေးကဏ္ဍဟာ မည်မျှအရေးပါကြောင်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့်ပဲ ယခု ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည် ချက်များမှာ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များရဲ့အခန်းကဏ္ဍကို အဓိကဦးစားပေးဖော်ပြထားခြင်းကို သတိထားမိပါတယ်။

ထပ်ဆင့်အတွေ့အကြုံအပေါ် သင်ခန်းစာယူနိုင်တဲ့ အသိပညာဟာ ယနေ့ကမ္ဘာကြီးနဲ့ မြန်မာနိုင်ငံအဖြစ်အပျက်တွေအပေါ် မြင်သိလက်ခံမှုတွေကို ပြောင်းလဲနိုင်စွမ်းရှိပါတယ်။ အတ္တမကြီးတဲ့ ကိုယ်ရည်ကိုယ်သွေးကိုပါ ပြောင်းလဲပေးနိုင်စွမ်းပါတယ်။ အနတ္တကိုအခြေခံပြီး ကိုယ့်ဘက်ချည်းမဟုတ် အများအတွက်ပါ စဉ်းစားပေးတတ်လာခြင်း၊ ပကတိအရှိတရားနဲ့ အပြောင်းအလဲကိုလက်ခံပြီး အသိပညာ၊ အမျိုးသားရေးနဲ့ဖွံ့ဖြိုးရေး ဩသုံးချက်ကို မျှမျှတတတွေးခေါ်နိုင်ခြင်းတွေဟာ နိုင်ငံတည်ငြိမ်ရေးနဲ့ တည်ဆောက်ရေးမှာ များစွာအဖိုးတန်ပါတယ်။

ခိုင်မာတည်တံ့မှုကို လိုချင်ရင်တော့ သိမြင်မှုအားကောင်းပြီး စွမ်းဆောင်ရည် ပြည့်ဝတဲ့ မျိုးဆက်သစ်တွေ များစွာလိုအပ်နေသေးတာတော့ သေချာပါတယ်။ တည်ဆောက်ရေးနဲ့အဖျက်ကြားမှာ အစွန်းရောက်အမွေတွေပေးနေသမျှ မျိုးဆက်ပြတ်ပြီး အရှည်တည်တံ့မှုဟာ ခက်ခဲနေတတ်ပါတယ်။ ဒါကြောင့်လည်း လက်တွေ့မှာ အကျိုးထက် အပြစ်၊ အမှန်ထက် အမှားတွေသာ ထပ်ခါထပ်ခါတွေ့နေရတာဖြစ်ပါတယ်။

အချုပ်အားဖြင့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ခဲ့တဲ့ အမျိုးသားပညာရေးလှုပ်ရှားမှုမှသည် နိုင်ငံလွတ်လပ်ရေးရသည်အထိ၊ အမျိုးသားရေးတာဝန်များကို မျိုးချစ်စိတ်နဲ့ ခေတ်အဆက်ဆက်တာဝန်ကျေစွာထမ်းရွက်ခဲ့ကြသလို ယခုလိုကာလမှာလည်း နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသားအောင်ပွဲက မျိုးစေ့ချခဲ့တဲ့ ပညာရည်အခန်းကဏ္ဍရဲ့ အရေးပါပုံကို မလွဲမသွေ သိမြင်လက်ခံကြရမှာ ဖြစ်ပါတယ်။ သို့မှသာ ယနေ့လိုကာလမှသည် အနာဂတ်အထိ လိုအပ်နေတဲ့၊ နိုင်ငံအတွက် ယုံကြည်အားကိုး လေးစားထိုက်တဲ့ မျိုးဆက်ပေါင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်တယ်လို့ အလေးအနက် ယုံကြည်နေမိပါတယ်။ ။

# လူတိုင်းသက်ရှည်ကျန်းမာရန် ပြည်သူ့ကျန်းမာရေးသည်အခြေခံ

နန္ဒဝင်း (ဆေး-၁)

ကျွန်တော်တို့ ဆရာဝန်ပေါက်စဘဝ လွန်ခဲ့သော နှစ် ၂၀ ကာလကို ပြန်ပြောင်းသတိရမိပါသည်။ ထိုစဉ်က ဆရာကြီးတစ်ဦးက မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍ သင်ကြားပေးစဉ် ဖြစ်ပါသည်။ "မိခင်တစ်ဦး ကိုယ်ဝန်ဆောင်တော့မယ်ဆိုရင် 'က'သုံးလုံးကို နိုင်ရမယ်ကွ။ (၁) ကျွေးနိုင်ရမယ်၊ (၂) ကျောင်းထားနိုင်ရမယ်၊ (၃) နေမကောင်းရင် ကုနိုင်ရမယ်ဆိုတာ သိထားဖို့လိုတယ်။ မကျွေးနိုင်၊ ကျောင်းမထားနိုင်၊ မကုနိုင်ရင် သူတို့မိသားစုတွေသာ ပြဿနာတက်မှာမဟုတ်ဘဲ ပတ်ဝန်းကျင်ရော၊ လူထုရော နိုင်ငံအတွက်ပါ အကျိုးမဲ့စေတယ်ဆိုတာ တွေးတတ်ရမယ်။ မင်းတို့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေအားလုံးဟာ နေမကောင်းတဲ့ကလေးတွေကို ကုတာတင်မကဘူး ကျောင်းတက်မယ့်ကလေးတိုင်း ကျန်းမာဖို့၊ အစာကျွေးနေတဲ့ကလေးတိုင်း အာဟာရပြည့်ဖို့လည်း တာဝန်ရှိတယ်ဆိုတာ မှတ်ထားပါ။ တိုတိုပြောရရင် အမေ့ဝမ်းထဲကနေ သေဆုံးသည်အထိ ပြည်သူလူထုရဲ့နေ့စဉ်ဘဝမှာ ကျန်းမာရေးဌာနနဲ့ မပတ်သက်တာ မရှိဘူး။ တိုင်းပြည်တိုးတက်ချင်တယ်၊ သာယာဝပြောချင်တယ်ဆိုရင် လူတိုင်းကျန်းမာနေဖို့လိုတယ်။ မင်းတို့ အလုပ်တွေများများလုပ်၊ ပြည်သူလူထုကျန်းမာရေးအသိ၊ သတိတိုးပြီး လှုပ်ရှားမှုတိုင်းမှာ သူတို့ပါနိုင်အောင်လုပ်။ လူတွေကျန်းမာမှ နိုင်ငံချမ်းသာမှာဆိုတာ စိတ်ထဲရှိထားကြ"ပါတဲ့။

**နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း လက်တွေ့သိရှိလာ**

ဆရာကြီး၏ ဆုံးမစကားလမ်းညွှန်ချက်သည် ဆရာဝန်ဖြစ်စ ကျွန်တော်တို့အား ဘဝလမ်းညွှန်ချက်ပမာဖြစ်ခဲ့ပါသည်။ ဝါသနာပါသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်တိုင်း ငါသည် တိုင်းပြည်ချမ်းသာအောင်၊ တိုးတက်အောင် ဆောင်ရွက်နေတာပါလားဟု အမြဲဂုဏ်ယူမိခဲ့ပါသည်။ ဆရာကြီး၏လမ်းညွှန်ချက်အတိုင်း အောင်မြင်မှုများစွာ၊ အကျိုးရှိမှုပေါင်းများစွာကို နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း လက်တွေ့သိရှိလာနိုင်ခဲ့ပါတော့သည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်၊ စာသင်နိုင်၊ တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်ပါသည်။ "နေမကောင်းနေသော ကျားအုပ်စုအား ကျန်းမာသန်စွမ်းနေသော နွားအုပ်ကြီးက အနိုင်ယူနိုင်သည်"ဆိုသော တိုင်းတစ်ပါးဆိုရိုးစကားတစ်ခုပင်ရှိသည်မဟုတ်ပါလား။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် ပဋိသန္ဓေ စရှိသည့်အချိန်မှစ၍ ကျန်းမာနေရန် လိုအပ်ပါသည်။ အပြုအမူ၊ အစားအသောက်၊ အနေအထိုင်မှသည် လိုအပ်သောကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံခြင်း၊ ဗီတာမင်အာဟာရ ဖြည့်စွက်တိုက်ကျွေးခြင်း၊ သွေးစစ်ဆေးခြင်း၊ အရည်အသွေးမီ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အကြိမ်ပြည့်ခံယူခြင်း၊ ကိုယ်ဝန်ကာလအလိုက် ကာကွယ်ကုသ အကြံဉာဏ်ရယူခြင်းစသည်တို့ကို စနစ်မှန်စွာ အကြိမ်ပြည့်ဆောင်ရွက်ရပေမည်။ "ယောက်ျားဖောင်စီး၊ မိန်းမမီးနေ"ဟု ဆိုရိုးရှိခဲ့ကြသော်လည်း သေချာစွာ စနစ်တကျကိုယ်ဝန်စောင့်ရှောက်မှုခံယူကြသော မိခင်လောင်းများအဖို့ ကျရောက်တတ်သော၊ ကျရောက်လာသောအန္တရာယ်အများစုသည် ကာကွယ်ကုသ၍ ရနိုင်ပါသည်။

ယဉ်ကျေးသောနိုင်ငံအသိုင်းအဝိုင်းများအတွင်းတွင် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ မိခင်နှင့် ကလေးသေဆုံးနှုန်း၊ တစ်နည်း မိခင်နှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းသည် နိုင်ငံ၏အဆင့်အတန်း ဂုဏ်သိက္ခာဖြစ်ပါသည်။ ကျွမ်းကျင်သူနှင့် သန့်ရှင်းစွာမွေးဖွားခြင်း၊ မွေးကင်းစကလေးကို စနစ်မှန်စွာ စောင့်ရှောက်ပေးခြင်း၊ မိခင်နို့ကိုစနစ်တကျတိုက်ကျွေးခြင်း၊ မှန်ကန်သောဖြည့်စွက်စာ အချိန်ကိုက်ကျွေးခြင်း၊ ဗီတာမင်အေ တိုက်ကျွေးခြင်း၊ သတ်မှတ်ထားသောကာကွယ်ဆေးများကို မှန်ကန်စွာအကြိမ်ပြည့်ထိုးနှံခြင်း၊ ဝမ်းပျက်ဝမ်းလျှောအရည်ခမ်းခြောက်ဆုံးရှုံးပါက ဓာတ်ဆားရည် တိုက်ကျွေးခြင်း၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းကဲ့သို့သော အခြေအနေများတွင် ပဋိဇီဝဆေးဝါးများကို ထိရောက်စွာအသုံးပြုခြင်း၊ ငှက်ဖျားရောဂါဖြစ်ပွားသောဒေသများတွင် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်စက်နိုင်ရန်စီစဉ်ခြင်း စသည်တို့သည် ငါးနှစ်အောက်ကလေးသေဆုံးနှုန်းကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်ပါသည်။




**လူတော် လူကောင်း လူမွန်လေးများဖြစ်စေရန် ပြုစုပျိုးထောင်ရမည့်ကာလ**

ကျောင်းနေအရွယ်ကလေးများဘဝသည် ကျောင်းသင်ပညာရပ်များသာမက ပတ်ဝန်းကျင်နှင့်လိုက်လျောညီစွာ ပေါင်းသင်းဆက်ဆံနေတတ်ရေးအပါအဝင် မွန်မြတ်သော၊ စိတ်နေစိတ်ထားမှန်ကန်သော အယူအဆ၊ အတွေးအခေါ်၊ အမူအကျင့်များ စွဲမြဲသွားစေရန် လေ့ကျင့်သင်ကြားမှုလိုအပ်ပါသည်။ ကျောင်းနေပျော်၍ စာသင်တော်ရုံမက လူတော် လူကောင်း လူမွန်လေးများဖြစ်စေရန် ပြုစုပျိုးထောင်ရမည့်ကာလဖြစ်ပါသည်။ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်စွာနေထိုင်ကျင့်ကြံသွားနိုင်ရန် ငယ်စဉ်ဘဝကပင် အမူအကျင့်ကောင်းများကို လေ့ကျင့်တတ်မြောက်ကြရပါမည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း အနာဂတ်တိုင်းပြည်ကို ခေါင်းဆောင်မည့်သူတိုင်းသည် ကျောင်းသားလူငယ်ဘဝကို ကျော်ဖြတ်လာကြသူများဖြစ်ပါသည်။ အမူအကျင့်ကောင်းများ၏ သိပ္ပံနည်းကျအကောင်းဆုံးဥပမာကိုဆိုရလျှင် ကလေးဘဝကပင် လက်ကို စင်ကြယ်စွာဆေးကြောတတ်ပါလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါကို သုံးပုံတစ်ပုံနှင့် အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သောရောဂါများကို ငါးပုံတစ်ပုံလျှော့ချနိုင်ခြင်းပင်ဖြစ်ပါသည်။

ဆယ်ကျော်သက်အရွယ် ကျောင်းသားကျောင်းသူဘဝတွင် ပျိုရွယ်သူ ကျန်းမာရေးသင်ခန်းစာများကို ကျွမ်းကျင်စွာသင်ကြားခဲ့သူ ကျောင်းသားကျောင်းသူ လူငယ်များအတွက် စီးပွားရေး၊ လူမှုရေး၊ ဘဝတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်ရမည့် အသက် (၂၀) နှင့် (၄၀) ကြားကာလတွင် နောက်ကျောလုံစွာ တက်ကုန်ရှက်ကုန် အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ မကူးစက်ရောဂါများဖြစ်သော သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ ကာကွယ်တားဆီးကုသရေးစသည်တို့သည် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ပြည်သူလူထုကို စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများဖြစ်ပါသည်။

**လူသားတို့၏ နေ့စဉ်ဘဝများနှင့် မိသားစုရည်မှန်းချက်များ**

လူတို့၏နေ့စဉ်ဘဝများတွင် ကျန်းမာစွာပြုမူနေထိုင်နိုင်မှ တစ်ဦးချင်းစီအလိုက် ရည်မှန်းထားသောဘဝပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ပေမည်။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အရက်အလွန်အကျွံသုံးစွဲခြင်း၊ ဆားနှင့်သကြားကို လိုအပ်သည်ထက် ပိုမိုအသုံးပြုခြင်း၊ လွဲမှားစွာသုံးစွဲခြင်း၊ ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများကို ဂရုမပြု သတိမမူတတ်ခြင်း၊ ဆေးဝါးများကို တလွဲသုံးစွဲခြင်း၊ မှန်ကန်စွာစနစ်တကျမသုံးကြခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းစသည်တို့သည် လူသားတို့၏နေ့စဉ်ဘဝများနှင့် မိသားစုရည်မှန်းချက်များကို ပျက်သုဉ်းစေရုံသာမက တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။

ကျေးလက်နှင့်မြို့ပြမကျန် အနယ်နယ်အရပ်ရပ်မှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတိုင်းသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု (Primary Health Care) ကို အသက်အရွယ်မရွေး၊ နေရာအချိန်မရွေး စောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ထိုမှတစ်ဖန် မွေးကင်းစမှ အိုမင်းသည်အထိ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအသိရှိစေရန်၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာပြီး လက်တွဲဆောင်ရွက်လာရာမှ ကျန်းမာရေးအသိပြည့်ဝစွာ ဦးဆောင်ပါဝင်လာစေရန် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းများ မူဟန်အသွယ်သွယ်ဖြင့် ကြိုးစားရပေဦးမည်။

ယခု ဒီဇင်ဘာလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပမည့် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) တွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များ၏ အောင်မြင်ခဲ့သော နည်းလမ်းအသွယ်သွယ်ကို လေ့လာခွင့်ရကြပေဦးမည်။ ညီလာခံကြီးပြီးသောအခါ တက်ရောက်လာသူအားလုံးတွင် မှန်ကန်ပြည့်စုံသော အားသစ် အင်သစ် အတွေးအခေါ်သစ်များဖြင့် အမိမြန်မာနိုင်ငံတော်ကြီးအတွက် ကြိုးစားကြတော့မည့်အရေးကို တွေးမြင်၍ အောက်ဖော်ပြပါကဗျာလေးဖြင့် ဂုဏ်ပြုလိုက်ရပါတော့သည်...

ဘဝအစ၊ ဝမ်းကြာမှလျှင်
ရင်ခွင်ပိုက်ထွေး၊ လူငယ်လေးတို့
တတ်မွေးပညာ၊ ပျော်ရွှင်စွာသင်
ကြိုပြင်ဆင်၍၊ လုပ်ခွင်တစ်မူ
လူလတ်လူကြီး၊ ဇရာနီးလည်း
တားဆီးရောဂါ၊ မြဲကျန်းမာဖို့
ကာကွယ်ထိန်းညှိ၊ အသိမြှင့်တင်
မြန်တစ်ခွင်ဝယ်၊ အစဉ်စွမ်းဆောင်
ပြည့်ဂုဏ်ရောင်ကို၊ ထွန်းပြောင်စေမှာ
"ပြည်သူ့ကျန်းမာ"။ ။

**❝ဆယ်ကျော်သက်အရွယ် ကျောင်းသားကျောင်းသူဘဝတွင် ပျိုရွယ်သူ ကျန်းမာရေးသင်ခန်းစာများကို ကျွမ်းကျင်စွာသင်ကြားခဲ့သူ ကျောင်းသားကျောင်းသူ လူငယ်များအတွက် စီးပွားရေး၊ လူမှုရေး၊ ဘဝတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်ရမည့် အသက် (၂၀) နှင့် (၄၀) ကြားကာလတွင် နောက်ကျောလုံစွာ တက်ကုန်ရှက်ကုန်အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ မကူးစက်ရောဂါများဖြစ်သော သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ ကာကွယ်တားဆီးကုသရေးစသည်တို့သည် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ပြည်သူလူထုကို စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများဖြစ် ❞**

## ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း ကျောက်ပန်းတောင်းမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့နှင့် မင်းဘူးမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံနှင့် လက်ပံပြားတိုက်နယ်ဆေးရုံတို့သို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ စမ်းသပ်ကြည့်ရှု၍ ဆေးကုသမှုဆိုင်ရာ အကြံပြုပြီး ဆေးရုံအတွင်း၊ အပြင် လှည့်လည်ကြည့်ရှုကာ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ တိုက်နယ်ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့်အတူ မကွေးတိုင်းဒေသကြီး ချောက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးခဲ့ပြီး လူနာဆောင်များ၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ဌာနများသို့ လှည့်လည်ကြည့်ရှုကာ လူနာများအား ကြည့်ရှုကုသပေးပြီး အာဟာရပြည့်လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ငွေးပင်ကျေးလက် ကျန်းမာရေးဌာန၊ ငွေးချို ကျေးလက်ကျန်းမာရေးဌာန၊ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံနှင့် မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတို့သို့ရောက်ရှိကာ သက်ဆိုင်ရာ ဆေးရုံများမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးကုသရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး လူနာဆောင်များ၊ အထောက်အကူပြုဌာနများကို လှည့်လည်ကြည့်ရှုခဲ့သည်။

သတင်းစဉ်

## မိုးညှင်းမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

မိုးညှင်း ဒီဇင်ဘာ ၄

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် မိုးညှင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလာမာမီး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက "လူတိုင်းသက်ရှည်ကျန်းမာရန် ပြည်သူ့ကျန်းမာရေးသည်အခြေခံ"ဟူသော ဆောင်ပုဒ်နှင့်အညီ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ KG တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၁၄ ဦးအား ကျန်းမာရေးဆိုင်ရာ အသိပညာရပ်များ ဟောပြောပေးခြင်း၊ ကျန်းမာရေးများစစ်ဆေးပေးခြင်း၊ Vision Test စမ်းသပ်ပေးခြင်း၊ အာဟာရမုန့်ကျွေးမွေးခြင်း၊ အရပ်တိုင်းတာခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ အရပ်အလိုက် ရှိသင့်ရှိထိုက်သော ကိုယ်အလေးချိန်(Body mass Index)တွက်ချက်ပေးခြင်း၊ နည်းစနစ်မှန်ကန်သည့် သွားတိုက်နည်းသရုပ်ပြသခြင်းနှင့် သွားတိုက်တံများ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

## မုဒုံမြို့နယ်၌ တီဘီရောဂါရှာဖွေကုသခြင်းများ ဆောင်ရွက်

မော်လမြိုင် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေး မြှင့်တင်စို့" အထိမ်းအမှတ်ဆောင်ပုဒ်အရ မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း တီဘီလူနာရှာဖွေကုသခြင်းကို အားဖြည့်ဆောင်ရွက်ရန် မွန်ပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် မုဒုံမြို့နယ်



ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရွေ့လျားဒစ်ဂျစ်တယ်ဓာတ်မှန်ကားဖြင့် ကွင်းဆင်း၍ တီဘီရောဂါ ရှာဖွေကုသခြင်းကို မုဒုံမြို့နယ်အတွင်း ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စစ်ဆေးကုသ**

မုဒုံမြို့နယ် ဝဲကလိကျေးရွာတွင် ယနေ့နံနက်ပိုင်းမှစ၍ ဆေးကုသခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ဓာတ်မှန်ရိုက်စစ်ဆေးသည့် ဦးရေ ၁၅၂ ဦး၊ Gene Xpert စက်ဖြင့် သလိပ်စစ်ဆေးသူ လေးဦး၊ တီဘီဆေးသောက်ရသည့် လူနာနှစ်ဦးတို့ကို စမ်းသပ်စစ်ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၆၅၀ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ခုနစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၄-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၆-၁၁-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃-၁၂-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃၆၅၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူတွေ ကျန်းမာဖို့

✤ တစ်ကိုယ်ရေ ကျန်းမာမှု
စေ့ငု၍ ကြည့်ပါလျှင်၊
အခြေခံ အမိဝမ်းမှ
စရမည်ပင်။

✤ သန္ဓေသား မိခင်
မြဲတူယှဉ် ကျန်းမာရေး၊
သတိစဉ် မကွာ
အသိပညာ နယ်စုံရောက်ဖို့
ပြည်သူဆီ ခရီးပေါက်
စောင့်ရှောက်မှုပေး။

✤ ယနေ့ကမ္ဘာ သည်ကာလ
တိုးတက်စွ နယ်စုံတွင်၊
အရာရာ အံ့ဘနန်း
လှမ်းကြ တွင်တွင်။

✤ ဂေဟစနစ် အပါအဝင်
မူဟန်သွင် ပြောင်းသည်မို့၊
နေထိုင်မှု ပုံစံလျှင်
မူဟန်သွင် ပြောင်းသည်မို့၊
ကူးစက်.. ရောဂါ
မကူးစက် ရောဂါ...တဲ့
ကပ်ရောဂါ အပြားပြားကို
နိုင်ငံတော် ပြည်သူ့အားနဲ့
ဖယ်ရှားပါစို့။

✤ ကာကွယ်ခြင်း ဟူသည်က
ပိုကောင်းစွ အမှန်ပင်၊
ကုသခြင်း အဖုံဖုံထက်
ကျိုးဆက်များအင်။
စောင့်ရှောက်မှု မြှင့်တင်
သက်တမ်းလျှင် ရှည်စေရေး၊
ကျေးလက်မြေ မြို့အနှံ့
ခြေဆန့်မယ်လေး။

✤ နိုင်ငံတော် တိုးတက်ရေး
ချင့်တွေးလို့ မျှော်ရှုလျှင်၊
လူ့စွမ်းအား အရင်းအမြစ်
ဖွံ့လှစ်မြှင့်တင်။

✤ ကျန်းမာမှ အရာရာတွင်
အောင်ပန်းဆင် ရမည်မို့၊
ကျန်းမာမှ လူ့စွမ်းအင်
နိုင်ငံတွင် ပြည့်မည်မို့၊
သွေမကွာ ပြည်ရွာတစ်ဝန်းမှာဖြင့်
စေတနာ ဝေဆာလျှမ်းလို့ရယ်
(ပြည်သူ့ကျန်းမာရေးတာဝန်တွေကိုလေ...)
ထမ်းကြပါစို့။

မောင်စိမ်းနောင်(လယ်ဝေး)

(ပထမအကြိမ် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ဂုဏ်ပြုလျက်)

## သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြု ဆုတောင်းအလေးပြုခြင်းအခမ်းအနား ကျင်းပခဲ့မှု၊
## နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရေးအတွက် စစ်သည်များမှ ဆက်သွယ်တင်ပြလာမှုဆိုင်ရာ အခြေအနေများ၊
## US Department State Website ၏ Country Reports on Terrorism 2022 အမည်ဖြင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအလိုက် အကြမ်းဖက်မှုဖြစ်ပွားခဲ့မှုများနှင့် ပတ်သက်သည့်အစီရင်ခံစာတွင် မြန်မာနိုင်ငံမှ PDF အကြမ်းဖက်အဖွဲ့များက ၅၇ ရာခိုင်နှုန်းကျော်၊ KNLA နှင့် KNDF သောင်းကျန်းသူအဖွဲ့က ၁၄ ရာခိုင်နှုန်းကျော် ကျူးလွန်ခဲ့ကြောင်းဖော်ပြခဲ့မှု၊
## တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးမှုနှင့် မီဒီယာများမှ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် နည်းအမျိုးမျိုးဖြင့် ဝေဖန်တိုက်ခိုက်မှုများ၊
## ၄-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်းမြို့နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက်(၁၀)ကြိမ်မြောက်ပေါ့ အောက်မေ့ဖွယ် ဂါရဝပြုအလေးပြုခြင်းအခမ်းအနားကို မနေ့က နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။ သူရဲကောင်းစစ်သည်များဗိမာန်မှာ ပြုလုပ်ခဲ့တယ်။ နိုင်ငံတော်နဲ့တပ်မတော်ကို ချစ်မြတ်နိုးတဲ့အဖွဲ့အစည်းတွေ၊ ပြည်သူတွေ၊ စစ်မှုထမ်းဟောင်းတွေ အင်အားများပြားစွာ တက်ရောက်ခဲ့ပါတယ်။ တက်ရောက်ခဲ့တဲ့သူတွေအနေနဲ့ နိုင်ငံတော်ရဲ့တည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် ကာကွယ်ပေးနေတဲ့ တပ်မတော်နဲ့ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာ တပ်မတော်ကို ကိုယ်ရောစိတ်ပါအားပေးထောက်ခံမှုပြုတာတွေ၊ လိုအပ်လာရင် သူတို့ကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ထမ်းဆောင်မယ်ဆိုတဲ့ ဆန္ဒပြုချက်တွေ၊ ပြီးရင် တပ်မတော်ဆေးရုံတွေနဲ့ တပ်မတော်နဲ့သက်ဆိုင်တဲ့နေရာတွေမှာ သွားရောက်အမှုထမ်းတာတွေကို စိတ်အားတက်ကြွဖွယ်မြင်ကွင်းအဖြစ် ကျွန်တော်တို့မြင်ခဲ့ရပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ စစ်သားဆိုတာကလည်း တစ်ခါစစ်သားဖြစ်ဖူးရင် အမြဲတမ်းစစ်သားဆိုတဲ့စိတ်ဓာတ်မျိုး ခံယူထားတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး စစ်မှုထမ်းဟောင်းတွေ၊ ကျန်းမာရေးအခြေအနေအရ တပ်မတော်က ထွက်ခွင့်ရထားတဲ့ စစ်သည်တော်ဟောင်းတွေ၊ ခွင့်မဲ့၊ စစ်ပြေးဖြစ်နေတဲ့ စစ်သည်တွေ စတဲ့သူတွေက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်လိုတယ်ဆိုပြီး သူတို့တတ်နိုင်တဲ့ဘက်ကပေါ့။ စစ်ဆင်ရေးတာဝန်၊ လုံခြုံရေးတာဝန်တွေ ထမ်းဆောင်ချင်ပါတယ်ဆိုပြီး စာရေးပြီးဆန္ဒပြုလာတာတွေ၊ တပ်မှူးတွေနဲ့ လူကိုယ်တိုင်တွေ့ပြီး ဆန္ဒပြုလာတာတွေကို အများအပြားပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့လည်း နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးအတွက် အကြမ်းဖက်လက်နက်ကိုင်နေတဲ့ PDF တွေကို ချေမှုန်းနေတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ခွင့်ပြုရင် တပ်မတော်မှာပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း၊ ခွင့်မဲ့စစ်ပြေးစစ်သည်တွေအနေနဲ့လည်း ဆက်သွယ်တင်ပြလာမှုတွေရှိပါတယ်။ ဒါကြောင့် သတ်မှတ်ကာလနဲ့ အကျုံးဝင်တဲ့စစ်သည်တွေကို သက်ဆိုင်ရာ ဒါမှမဟုတ် နီးစပ်ရာတပ်တွေမှာ ပြန်လည်လက်ခံပေးမှာဖြစ်ကြောင်းနဲ့ စစ်မှုထမ်းရန်ဆန္ဒပြုတဲ့ သာမန်ပြစ်မှုကျူးလွန်တဲ့ တပ်မတော်သားတွေကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမယ်ဆိုပြီး မနေ့က ကျွန်တော်တို့ ကြေညာချက်ထုတ်ခဲ့ပါတယ်။ ဒီလို ကြေညာချက်ထုတ်တဲ့အခါမှာတော့ ထုံးစံအတိုင်းပါပဲ ပြည်ဖျက်မီဒီယာတွေအနေနဲ့ရော တချို့သော ဟန်ဆောင်ထားတဲ့မီဒီယာတွေပေါ့။ ဟန်ဆောင်ထားတဲ့မီဒီယာတွေဆိုတာကတော့ ကျွန်တော်ဆိုလိုတာက တပ်မတော်ကို ချစ်သယောင်၊ နိုင်ငံတော်ကို ချစ်သယောင်နဲ့ ဟန်ဆောင်ထားတဲ့မီဒီယာတွေလည်းရှိပါတယ်။ သို့သော် သူကသိတော့သိသာပါတယ်။ အခြေအနေအခွင့်အရေးပေးလာတာနဲ့ တစ်ပြိုင်နက် သူကတပ်မတော်ကိုထိုးနှက်တာပေါ့။


ဗိုလ်ချုပ်ဇော်မင်းထွန်း
(သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အဲဒီမှာဝေဖန်မှုတွေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် နှစ်ပိုင်းခွဲပြီးပြောဖို့ရှိတယ်။ နံပါတ်(၁)ကတော့ စကားလုံးရှင်းရှင်းလင်းလင်းနဲ့ပြောရရင် စာအုပ်ကြီးအတိုင်း ကျွန်တော်ပြောမှာပေါ့ဗျာ။ ဥပဒေအတိုင်းပြောမှာပေါ့။ ဒါကတော့ စစ်စည်းကမ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ လက်ဆွဲစာစောင် အမှတ်(၂)မှာ စစ်ပြေးမှုဆိုတာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိတယ်။ စစ်ပြေးမှုဆိုတာက ယေဘုယျအားဖြင့် တပ်သို့ပြန်လာရန်ရည်ရွယ်ချက်မရှိသောခွင့်မဲ့ပျက်ကွက်ခြင်း၊ ထပ်ပြောရမယ်ဆိုရင် တပ်သို့ပြန်လာရန်ရည်ရွယ်ချက်မရှိတဲ့ခွင့်မဲ့ပျက်ကွက်ဖြစ်ခြင်းကို ဆိုလိုတာဖြစ်တယ်။ တပ်ကိုပြန်လာဖို့၊ စစ်မှုထမ်းဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင် ဒါကို စစ်ပြေးမှုမမြောက်ဘူးလို့ ဆိုလိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မနေ့က ဒီဇင်ဘာ ၃ ရက်ရဲ့အရှေ့ပိုင်းမှာ ခွင့်မဲ့ပျက်ကွက်ကြေညာခံထားရသူများ တပ်မှာ စစ်မှုထမ်းရန် ရည်ရွယ်ချက်နဲ့ ပြန်လာမယ်ဆိုရင် စစ်ပြေးမှုအဖြစ်မသတ်မှတ်ဘဲ ခွင့်မဲ့ပျက်ကွက်မှုအဖြစ်သာ သတ်မှတ်ပြီး စစ်သည်တွေကို စစ်မှုထမ်းရန်လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ စိတ်ဓာတ်ရေးရာအပိုင်းပေါ့။ စိတ်ဓာတ်ရေးရာအပိုင်းအနေနဲ့ ဒီကြေညာချက်မထွက်ခင်ကတည်းက ဒီလိုလာပြီး စာနဲ့ဆန္ဒပြုတာတွေ၊ လူကိုယ်တိုင်တွေ့ပြီး ဆန္ဒပြုတဲ့လူတွေ ၅၀၀ ကျော်လောက်ရှိတယ်။ လက်ရှိအခြေအနေကိုကြည့်ပြီး ကျွန်တော်အစောပိုင်းက ပြောသလို တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် တစ်သက်လုံးစစ်သားဆိုတဲ့ Once A Soldier Always A Soldier ဆိုတဲ့စိတ်ဓာတ်၊ ရဲဘော်စိတ် Esprit de Corps ပေါ့။ ရဲဘော်အချင်းချင်းအပေါ်မှာ ထားရှိတဲ့ သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှုတရားတွေ အဲဒီစိတ်ဓာတ်တွေ ကျွန်တော်တို့စစ်သည်တိုင်း စစ်သည်တော်အသစ်တွေရော၊ စစ်သည်တော်အဟောင်းတွေမှာရော ရှိပါတယ်။ ပြီးရင် မြန်မာစကားပုံအရ လက်သည်းဆိတ်လက်ထိပ်နာပေါ့။ ဒါတွေအရ ခွင့်မဲ့စစ်ပြေးတွေ၊ စစ်မှုထမ်းဟောင်းတွေ၊ ဆေးကျန်းမာရေးအခြေအနေကြောင့် ထွက်ခွင့်ကျထားတဲ့သူတွေက ဆက်သွယ်လာကြပါတယ်။ ဒီနေ့နေ့လယ်ပိုင်းအထိ တပ်မတော်မှာ စစ်မှုထမ်းဆောင်နိုင်ဖို့ ဆက်သွယ်လာတဲ့လူပေါင်း ထောင်နဲ့ချီပြီးရှိသွားပြီဖြစ်ပါတယ်။

ဒီအထဲမှာ တချို့စိတ်ဓာတ်ပြင်းထန်တဲ့သူတွေဆိုရင် အသက်ကြီးနေပေမယ့်လည်း သူ့ကိုစစ်ဆင်ရေးတာဝန်ပဲပေးပါ၊ ကျန်တဲ့တာဝန်မထမ်းဆောင်ချင်ဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အသက်အရွယ်နဲ့ ကျန်းမာရေးအခြေအနေအရ လုံခြုံရေးတာဝန်ပဲ ပေးအပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောလိုတာကတော့ စစ်သည်များ၊ စစ်သည်တော်ဟောင်းများအနေနဲ့ နိုင်ငံရဲ့ဒီလိုအခြေအနေမျိုးမှာ ရဲဘော်စိတ် Esprit de Corps နဲ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ဖို့၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ဖို့ ဒီလိုမျိုးဆက်သွယ်လာတာတွေကို အလေးအနက်ထားပါတယ်၊ ဂုဏ်ယူပါတယ်၊ ဂုဏ်ပြုပါတယ်လို့ ပြောကြားလိုပါတယ်။ နောက်တစ်ခုကတော့ ထူးထူးခြားခြား ဒီနေ့ အမေရိကန်ရဲ့ US Department State Website ရဲ့ Country Report on Terrorism 2022 ဆိုပြီး စာတမ်းတစ်ခုထွက်လာတာရှိတယ်။ နိုင်ငံအလိုက်အကြမ်းဖက်မှုအစီရင်ခံစာပေါ့ဗျာ။ အဲဒီမှာ PDF တွေအနေနဲ့ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေရဲ့ ၅၇ ရာခိုင်နှုန်းကို ကျူးလွန်နေတယ်၊ KNLA, KNDF အနေနဲ့ ၁၄ ရာခိုင်နှုန်းကျူးလွန်နေတယ်ဆိုပြီး ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ ဒီအပေါ်မှာတော့ ဘာမှတ်ချက်မှ မပေးလိုပါဘူး။ ဒါကတော့ မြေပြင်မှာဒီထက်ပိုဆိုးပါတယ်။ မြန်မာနိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်ပါတယ်။ လူအပေါ်မှာတင်ပြစ်မှုကျူးလွန်တာမဟုတ်ဘူး။ ပြည်သူလူထုပိုင်တဲ့ အဆောက်အအုံတွေ၊ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပြည်သူလူထုပုဂ္ဂလိက၊ တစ်ဦးချင်းပိုင်တဲ့ ပိုင်ဆိုင်မှုတွေအပေါ်မှာ အကြမ်းဖက်မှု ကျူးလွန်နေတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက သိရှိပြီး မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းနိုင်အောင် ဆောင်ရွက်ပေးကြဖို့၊ ဝိုင်းဝန်းပေးကြဖို့ ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး ပေါင်း ၁၂၇ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူတွေထံ ပြန်လည်အပ်နှံခဲ့ပါတယ်။ စုစုပေါင်း ၁၁၀၇၉ ဦး ရှိပြီဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံအနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာပဲ တရုတ်စစ်ရေးယာဉ်တွေ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်တာကို နေမထိထိုင်မသာဖြစ်နေတဲ့၊ အနောက်နိုင်ငံအားပေးနေတဲ့၊ အနောက်နိုင်ငံရဲ့ ထောက်ပံ့မှုပေးနေတဲ့ မီဒီယာတွေလည်းရှိပါတယ်။ အမျိုးမျိုးဝေဖန်မှုတွေရှိပါတယ်။ မည်သို့ပင်ဝေဖန်မှုတွေရှိပါစေ ကျွန်တော်တို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံတွေဖြစ်ပါတယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို နှစ်ပေါင်းများစွာ အစဉ်တစိုက်စောင့်ထိန်းလာခဲ့တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ပြည်သူလူထုချင်း၊ အစိုးရချင်း၊ တပ်မတော်ချင်း ရင်းနှီးစွာဆက်ဆံမှုရှိနေတဲ့နိုင်ငံတွေ ဖြစ်တယ်ဆိုတာပဲ ပြောကြားလိုပါတယ်။

ဒီနေ့မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွေအနေနဲ့ ရှမ်းပြည်နယ်(မြောက်ဘက်)ပိုင်း နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ လောက်ကိုင်မှာတော့ လောက်ကိုင်ရဲ့အရှေ့ဘက်နဲ့ တောင်ဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာတွေ ရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်နိုင်ဖို့ လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒီနေ့မှာတော့ ကော့ကရိတ်အနားက နေရာတစ်နေရာမှာပဲ အဝေးကနေပစ်ခတ်မှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောရဲစခန်းကို အဝေးကနေ နှစ်ကြိမ်လာရောက်ပစ်ခတ်ခဲ့တာ ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်အနီးမှာတော့ မွန်းဘက်မှာဖြစ်နေတဲ့ဖြစ်စဉ်ရှိပါတယ်။ အဲဒီမှာလည်းမျိုးစုံပေါ့လေ။ မွန်းမြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးပြီတို့ဘာတို့ပေါ့။ မွန်းဆိုတာ တိုက်နယ်အဆင့်ရှိတဲ့ မြို့ငယ်တစ်ခုပဲဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ တပ်ရင်းနှစ်ရင်းစလုံးကို သိမ်းပိုက်ပြီးပြီလို့၊ ပြီးရင်မြို့ရဲ့အဝင်ဘက်ပေါ့ ဟိုဘက်ဖြူးဘက်ကနေဝင်တဲ့ အဝင်ဘက်မှာရှိတဲ့ သံတံတားစခန်းကို သိမ်းပိုက်ပြီးပြီဆိုပြီး သတင်းလွှင့်နေတာတွေရှိပါတယ်။ မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဒါနဲ့ပတ်သက်ပြီး နောက်ကွယ်ကနေပြီးတော့ နောက်ကွယ်က NUG၊ NUG ရဲ့နောက်ကွယ်မှာရှိနေတဲ့ အဖွဲ့လည်းရှိပါသေးတယ်၊ နိုင်ငံလည်းရှိပါသေးတယ်။ နောက်ကွယ်ကနေပြီး အတင်းဖိအားပေးမှုကြောင့် သူတို့အနေနဲ့ မွန်းမြို့ကိုအင်အားအလုံးအရင်းနဲ့ တိုက်ခိုက်တာဖြစ်တယ်။ တိုက်ခိုက်တဲ့နေရာမှာ မနေ့ညကတည်းက ရန်သူ့ဘက်ကအကျအဆုံးများစွာရှိပါတယ်။ ဒီနေ့မှာလည်း ကျွန်တော်တို့ မနက်ကတည်းကစပြီး ဆောင်ရွက်နေတာရှိပါတယ်။ လာရောက်တိုက်ခိုက်နေတာရှိတယ်။ မွန်းမြို့ရဲ့အရှေ့ဘက်အစွန်မှာရှိတဲ့ တပ်ရင်းတစ်ရင်းရှိပါတယ်။ ဒီတပ်ရင်းမှာတော့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိခဲ့ပါတယ်။ ဒီနေ့ညနေပိုင်းအထိ အပြန်အလှန်ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိနေပါတယ်။ အစောပိုင်းကပြောခဲ့တဲ့ သံတံတားစခန်းနဲ့ နောက်ထပ်တပ်ရင်းတစ်ရင်းမှာတော့ အဝေးကနေ ပစ်ခတ်မှုလောက်ပဲရှိပါတယ်။ ဒီနေ့ကျွန်တော်ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေမှာ အရင်တုန်းက တပ်မတော်သားဖြစ်ခဲ့ဖူးတဲ့ တပ်မတော်သားတွေရဲ့၊ တပ်မတော်သားဟောင်းတွေရဲ့ စိတ်ဓာတ်၊ တပ်မတော်ကို ချစ်ခင်မြတ်နိုးသူတွေရဲ့ စိတ်ဓာတ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ များစွာဂုဏ်ယူမိပါတယ်၊ များစွာအသိအမှတ်ပြုပါတယ်။ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲတွေအနေနဲ့လည်း ဒီစစ်သားစိတ်၊ ရဲဘော်စိတ် Esprit de Corps နဲ့ပတ်သက်ပြီး တပ်မတော်သည် အားလုံးတစ်သွေးတည်းတစ်သားတည်းရှိတယ်၊ စစ်သည်များသည် အားလုံးတစ်သွေးတည်းတစ်သားတည်းရှိတယ်ဆိုတာ ပြသနိုင်တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■

# အိန္ဒိယနိုင်ငံ အကြိုရွေးကောက်ပွဲ၌ ဘာရာတီယာဂျနာတာပါတီ အဓိကမဲဆန္ဒနယ်သုံးခုတွင် အနိုင်ရ



နယူးဒေလီ ဒီဇင်ဘာ ၄

အိန္ဒိယနိုင်ငံ၏ အကြိုရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ဘာရာတီယာဂျနာတာပါတီ(BJP)က နိုင်ငံ၏ အဓိကမဲဆန္ဒနယ် သုံးခုတွင် အနိုင်ရရှိခဲ့သည်။ ယခုကဲ့သို့ အနိုင်ရရှိခြင်းသည် ဝန်ကြီးချုပ်မိုဒီ တတိယအကြိမ် ရာထူးသက်တမ်းအတွက် အနိုင်ရရှိရန် ရှေ့ဆောင်လမ်းပြသည့်ပမာ ဖြစ်ခဲ့သည်။

ဟိန္ဒူ အမျိုးသားရေးပါတီဖြစ်သည့် ဘာရာတီယာဂျနာတာ ပါတီသည် ၎င်း၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ကွန်ဂရက် ပါတီအား နိုင်ငံအနောက်ပိုင်း ရာဂျာစသန်ပြည်နယ် မဒရာပရာ ဒေ့ရှ်နှင့် ချာတီစဂတ်ပြည်နယ်တို့တွင် မဲအများစုရရှိကာ အနိုင်ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်း ပေးနိုင်ခဲ့သည်ကို စွမ်းအားအဖြစ်ရယူကာ ၎င်း၏ပါတီသည် လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ဘာရာတီယာဂျနာတာပါတီဌာနချုပ်တွင် ပြောကြားသည်။ ယခုပဏာမရရှိခဲ့သည့် ရွေးကောက်ပွဲရလဒ် သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဖော်ပြသည့် အတိုင်းအတာတစ်ခု ဖြစ်ခဲ့ပြီး မိမိတို့ပါတီက အိန္ဒိယနိုင်ငံအပေါ် ကမ္ဘာ့တစ်ဝန်း၏ ယုံကြည်မှုကိုဆောင်ယူလာမည်ဟု ၎င်းက ထပ်လောင်းပြောကြား သည်။

ပဏာမရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့သော်လည်း BJP ကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ကွန်ဂရက်ခေါင်းဆောင် ရာဟောဂန္ဒီက ပြောကြားခဲ့သည်။ အထွေထွေ ရွေးကောက်ပွဲကို လာမည့် မေလတွင် ကျင်းပရန် စီစဉ်ထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကီလန်တန်ပြည်နယ်၌ ရေကြီးမှုကြောင့် လူပေါင်း ၄၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

ကွာလာလမ်ပူ ဒီဇင်ဘာ ၄

မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကီလန်တန်ပြည်နယ်၌ ရေကြီးမှုဖြစ်ပွားခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက် ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ဒီဇင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီအထိ လူပေါင်း ၄၆၃၁ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်စောင်အရ သိရသည်။

## ခိုလှုံလျက်ရှိ

ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ် သော လူပေါင်း ၄၆၃၁ ဦးသည် ရေကြီးမှု ကယ်ဆယ်ရေးစင်တာ ၁၂ ခုတွင် ခိုလှုံလျက်ရှိ ကြောင်း မလေးရှားနိုင်ငံ လူမှုဖူလုံရေးဌာနက ပြောကြားသည်။

မကြာသေးမီရက်သတ္တပတ်အနည်းငယ် အတွင်းက နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်း တွင် ဆိုးရွားသော ရာသီဥတုဒဏ်ကို ခံခဲ့ရသဖြင့် ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှု များ ဆက်တိုက်ဖြစ်ပေါ် နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရှေ့မြောက်မုတ်သုံလေသည် ပုံမှန် အားဖြင့် အောက်တိုဘာလမှ မတ်လအထိ ဝင်ရောက်လေ့ရှိပြီး မြောက်ပိုင်းပြည်နယ် များနှင့် အရှေ့ဘက်ကမ်းရိုးတန်းတို့တွင် လေပြင်းတိုက်ခတ်ကာ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဟု မလေးရှားနိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းထားကာ မိုးရွာ သွန်းမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ထား ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်





# တောင်ကိုရီးယားနိုင်ငံက အစိုင်အခဲလောင်စာသုံး ဒုံးပျံ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

ဆိုးလ် ဒီဇင်ဘာ ၄

တောင်ကိုရီးယားနိုင်ငံက အစိုင်အခဲလောင်စာသုံး ဒုံးပျံကို ဒီဇင်ဘာ ၃ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းဒုံးပျံစမ်းသပ်ပစ်လွှတ်မှုကို ဂျယ်ဂျူကျွန်းအနီးတွင် ပြုလုပ်ခဲ့ ကြောင်း အဆိုပါဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါဒုံးပျံသည် တောင်ကိုရီးယား ပုဂ္ဂလိကကာကွယ်ရေးကုမ္ပဏီ က တီထွင်ထားသည့် ကမ္ဘာ့မြေလှည့်လာရေးဂြိုဟ်တုကို သယ်ဆောင် သွားကြောင်း သိရသည်။

## ကန့်သတ်ချက်များပယ်ဖျက်

တောင်ကိုရီးယားသည် ၎င်း၏မဟာမိတ်အမေရိကန်နှင့် လက်မှတ် ရေးထိုးထားသည့်စာချုပ်အရ အစိုင်အခဲလောင်စာသုံး ဒုံးပျံများ ထုတ်လုပ်ခြင်းအပေါ် ကန့်သတ်ချက်များ ရှိသော်လည်း ယင်းကန့်သတ် ချက်များကို ၂၀၂၁ ခုနှစ်တွင် ပယ်ဖျက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံ၏ ပထမဆုံးသော စစ်ဘက် ထောက်လှမ်းရေးဂြိုဟ်တုကို ပြီးခဲ့သည့်နှစ်ရက်အတွင်းက လွှတ်တင် ခဲ့ပြီးနောက် ယခုကဲ့သို့ အစိုင်အခဲလောင်စာသုံး ဒုံးပျံကိုလွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ တစ်ဦး ထပ်မံတွေ့ရှိ

အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၄

ပါကစ္စတန်နိုင်ငံ အနောက် မြောက်ပိုင်း ခိုင်ဘာပတ်တူခါဝါ ပြည်နယ်တွင် ပိုလီယိုရောဂါ ဖြစ်ပွားသူ တစ်ဦး ထပ်မံတွေ့ရှိ ကြောင်း အမျိုးသားကျန်းမာရေး ဝန်ဆောင်မှု စည်းမျဉ်းများနှင့် ညှိနှိုင်းရေးဝန်ကြီးဌာနက ယမန် နေ့တွင် အတည်ပြုပြောကြား သည်။

ယခုနှစ်တွင် ပိုလီယိုရောဂါ ဖြစ်ပွားသူ ခြောက်ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

အိုရာခ်ဇိုင်ခရိုင်၌ ကိုးလသား အရွယ် ကလေးငယ်ကို ဆေးရုံသို့ ပို့ဆောင်စဉ် ပိုလီယိုရောဂါခံစား နေရသည်ကို သိရှိရကြောင်း ဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အိုရာခ်ဇိုင်ခရိုင်အနီးတစ်ဝိုက် ဒေသများတွင် ပိုလီယိုပိုးရှင်စ်ပိုး တွေ့ရှိရခြင်းသည် ရပ်ရွာအတွင်း ဗိုင်းရပ်စ်ပျံ့နှံ့နေပြီး အသက်ငါးနှစ် အောက် ကလေးများအတွက် ဆိုးရွားသော အန္တရာယ်ဖြစ်စေ ကြောင်း အဆိုပါ ထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

ကလေးငယ်များကို ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးနိုင်ရန် ဝန်ကြီးဌာနက မိဘများကို ညွှန်ကြားထားသည်။

နိုဝင်ဘာ ၂၇ ရက်မှစပြီး နိုင်ငံ တစ်ဝန်း၌ တစ်ပတ်ကြာ ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးခြင်း လှုပ်ရှားမှုကို စတင်လျက်ရှိပြီး ယင်းကာလအတွင်း ပိုလီယိုရောဂါ ကင်းစင်ရေးအဖွဲ့များသည် ကလေး ငယ်များကို အိမ်တိုင်ရာရောက် ကာကွယ်ဆေး တိုက်ကျွေးပေးခဲ့ သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းရှိ မာယာပီမီးတောင် ပေါက်ကွဲမှုဖြစ်ပွား

ဂျကာတာ ဒီဇင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းရှိ မာယာပီ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး တောင်တက်သမား ၁၁ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းမီးတောင် ပေါက်ကွဲမှုသည် ဒီဇင်ဘာ ၃ ရက်တွင် စတင်ဖြစ်ပွား ခဲ့သည်။

## ပြောကြား

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၏ ပထမအဆင့် တွင် တောင်တက်သမား ၄၉ ဦးကို အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့ပြီး ၎င်းတို့ကို ဆေးရုံသို့ ပို့ဆောင် ပေးခဲ့ကာ ကယ်ဆယ်ရေးလုပ်ငန်း၏ ဒုတိယအဆင့် တွင် သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး ၁၁ ဦး သေဆုံး ကြောင်း ရှာဖွေကယ်ဆယ်ရေးအေဂျင်စီအကြီးအကဲ အဗ္ဗမာလစ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြား သည်။

တောင်တက်သမားများကို ရှာဖွေရန် တာဝန် ရှိသူများက လူ ၁၀၀ နီးပါးကို ဖြန့်ကြက်ခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၉၁ မီတာ မြင့်သော မာယာပီမီးတောင် ပေါက်ကွဲမှုကြောင့် မီတာ ၁၅၀၀၀ အမြင့်ရှိမီးတောင်ပြာများ အနီးပတ်ဝန်း ကျင်သို့ ပျံ့နှံ့သွားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းတိုက်ပွဲတွင် တပ်မတော်မှ ဓာတုဓာတ်ငွေ့ဗုံးများအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့် တပ်မတော်နှင့် ထိတွေ့တိုက်ပွဲများတွင် တပ်မတော်က လေကြောင်း အသုံးပြု၍ ဓာတုဓာတ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ အချို့က မဟုတ်မမှန်သတင်းများ အွန်လိုင်းမီဒီယာများတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးဆောင်ရွက်ရာတွင် ထိရောက်သော လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူရယူပြီး တပ်မတော်သားများ၏ ရှုပ်ရှပ်ချုံချုံတိုက်ခိုက်မှုများကြောင့် AA အကြမ်းဖက်အဖွဲ့များသည် အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ် မရှိကြတော့သဖြင့် တပ်မတော်မှ ဓာတုဓာတ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန်လုပ်ကြံ၍ တရားမဝင်ပြည်ဖျက်မီဒီယာများ အားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာ ဖြစ်ကြောင်းနှင့် တပ်မတော်မှ လေကြောင်းပစ်ကူရယူရာတွင် ဓာတုဓာတ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးက ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nove Mber" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့ ရွာမရပ်ကွက်နေ ခင်ပြည့်ဖြိုးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "Phyo Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက်နေ ကျော်ဇင်ဦး(ခ) စအီဒွလ်လာအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "Shine Aung 322" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြို့သစ်(၄) ရပ်ကွက်နေ ရှိုင်းဝဏ္ဏအောင်(ခ)ရှိုအိုက်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "thihakyaw 1000" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ည)ရပ်ကွက်နေ သီဟကျော်(ခ) ကျော်ကြီးအား ည ၇ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၂၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၈၇၀၊ အမျိုးသမီး ၁၂၀၉ ဦး စုစုပေါင်း ၁၁၀၇၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူလာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၂-၂၀၂၃ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ရတနာထိုက်စွာပယင်းရတနာ
၀၉:၁၅ ထူးခြားစုံလင်အာရုပစ်ဗိုတ်အစီအစဉ်
၀၉:၄၅ Sports Diary
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆုတောင်းပြည့်ကြယ်တာရာစတာလာ"** (အပိုင်း-၁၅)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဘတ်စကက်ဘောအက်ဆေး"** (အပိုင်း-၃၃)
၁၅:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း"** (အပိုင်း-၇၃)
၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၄၅ "တမရာအီယေး......သံပြိုင်ပေးလို့"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဘတ်စကက်ဘောအက်ဆေး"** (အပိုင်း-၃၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"တားဆီးကျော်ဖြတ်စုံဝမ်းငတ်ထုတ်"** (အပိုင်း-၂၂)
၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **"အချစ်ရဲ့ဦးဝမ်းဖက်တန်ဖိုး"** (အပိုင်း-၂)

### mitv

07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:10 Products of Myanmar - Seashells Products
07:30 World Soil Day
07:38 Family of Toys
08:01 News
08:27 Shwezigon Pagoda
08:54 Dances of Myanmar: Pre Kayaw Traditional Dance
09:01 Talk & Discussion: All about Weight Loss
09:43 Listening Pleasure, Instrumental Music (Horn Violin) Sayama
09:54 Myanma Toddy Palm, A Source of Rural Income
10:01 News
10:27 Myanmar Delicate Artistic Creations - Gem Stone Painting
10:45 Thahtay Kyun Island

### MRTV NRC

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
လူတိုင်းအတွက်ကျန်းမာရေး (အပိုင်း-၁)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဆွေ့သိနှောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၀)
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကောက်ညှင်းကျည်တောက်
**ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာဇီဝမျိုးနွယ်ဆုံဆည်းရာ
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တို့လယ်တောဟင်း
(ကျော်ဆုံးနှင့်တွေ့ဆုံမေးမြန်းခြင်း)
**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၂၀)
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
စွန်တောင်ရွာက ရေငန်စိမ့်စမ်းများ
**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ ECONOMIC REVIEW ငွေပို့လျှင်ဘာလုပ်သင့်လဲ
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား "စာရေးဆရာ မင်းသန့်နှင့်တွေ့ဆုံခြင်း" (အပိုင်း-၁)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **"ကိုယ်နှင့်မဆိုင်သော်လည်း"**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇလန်နိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ အာဟာရနေ့စဉ်ဖြည့်စွက်သဘာဝ ဆေးကောင်းတစ်လက်
၀၆:၃၀ စိုက်ပျိုးမွေးမြူသုတဘဏ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ သားပိုက်ကောင် (ဇာတ်လမ်း) ဒါရိုက်တာ-စတီးလ် သရုပ်ဆောင်- ထွန်းထွန်း၊ စိုးမြတ်သူဇာ

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Football Highlight

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် လက်လုပ်သေနတ်နှစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ ကျည်အိမ် လေးခုနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်လုပ်သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

**ဆုကြေးငွေများပေးအပ်လျက်ရှိ**

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူသုံးဦးသေဆုံးဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီးသို့ ဒီဇင်ဘာ ၃ ရက် ည ၁၁ နာရီခန့်တွင် တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အသက်လေးလအရွယ်ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူသုံးဦး သေဆုံးခဲ့ကြောင်းတရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။




တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် မူဆယ်မြို့နယ် နမ့်ခွမ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများ ပစ်ခတ်သောလက်နက်ကြီးကျည်များ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး တပ်မတော်မှ အဆိုပါဖြစ်စဉ်နေရာသို့ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် တပ်မတော်နှင့်ပြည်သူပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်နေမှုများကို မလိုလားသည့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးကွဲစေရန်ရည်ရွယ်ချက်ဖြင့် သတင်းအမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုကွန်ရက်စာမျက်နှာများ၌ အချက်အလက် တိကျခိုင်မာမှုမရှိသည့် သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ကလေး- တမူး လမ်းမပေါ်ရှိ ထန်းတပင်ကျေးရွာကို ဒီဇင်ဘာ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ကျေးရွာနှစ်ရွာကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းစသည်ဖြင့် အချက်အလက် တိကျခိုင်မာခြင်းမရှိသည့် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများ၌ ဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။







**ရည်ရွယ်ချက်ရှိရှိဖြင့်ရေးသားဖြန့်ဝေနေ**

အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများအား ဆက်သွယ်မေးမြန်းချက်များအရ အဆိုပါကျေးရွာများနှင့် အနီးတစ်ဝိုက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားသွားလာမှု မရှိကြောင်း သိရှိရပြီး တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ဒေသခံပြည်သူများ ကြောက်ရွံ့ ထိတ်လန့်လာစေရန်၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အားကိုးယုံကြည်မှု နည်းပါးလာစေရန်အတွက် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

# မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းဆတ် ဒီဇင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ အဆိုပါကျေးရွာသို့ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် တာဝန်ရှိသူများသည် ဟိုနားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၃၀ အား ဒသမအကြိမ်မြောက် ရန်ပုံငွေ ကျပ် ၄၂၃ သိန်း



အထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂

# နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ပဲထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့်"တပ်မတော်သားများ ဘေးရန်ကင်းကွာ စိတ်ချမ်းသာကြပါစေ၊ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ချေမှုန်းနိုင်ကြပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**





# အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့ ပျဉ်းမနား-တောင်ညိုလမ်းပေါ်တွင် ယနေ့ညနေပိုင်းက အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပခဲ့ကြသည်။



အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေးတက်ကြွလှုပ်ရှားသူများ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသူများ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထောက်ခံအားပေးကြသူများ ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အတွင်း အချို့သောဒေသများ၌ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ အသုံးပြုနေသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုများဆုံးရှုံးကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများကြုံတွေ့နေရပြီး ဒေသခံပြည်သူလူထုတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အကြမ်းဖက်မှုများ ပပျောက်ချုပ်ငြိမ်းစေရေး တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏ဆန္ဒများကို ယခုကဲ့သို့ ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူများအနေဖြင့် **"ဒို့နိုင်ငံ ပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ အလိုမရှိ၊ နိုင်ငံတော်အား ကာကွယ်ရေး တို့ပြည်သူအားလုံး ပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်များ-အလိုမရှိ"** စသည့် ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြကြောင်းနှင့် ဗီနိုင်း ပိုစတာများ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာ့ထောပတ်သီးကို ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀၀ ခန့်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထား

**ရန်ကုန် ဒီဇင်ဘာ ၄**

တာချီလိတ်နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ မြန်မာ့ထောပတ်သီးကို တင်ပို့လျက်ရှိရာ ယခု ထောပတ်သီးရာသီအတွင်း တန်ချိန် ၁၀၀၀ ခန့်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ရှမ်းပြည်နယ်တောင်ပိုင်းမှ မြန်မာ့ထောပတ်သီး Hass အမျိုးအစားကို တစ်ကီလိုလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အခုထောပတ်သီးရာသီမှာ တန်ချိန် ၁၀၀၀ လောက်အထိ တင်ပို့နိုင်ဖို့ မျှော်မှန်းထားကြောင်း၊ တရုတ်တို့၊ ရုရှားတို့ကလည်း ထောပတ်သီးအမှာရှိပေမယ့် လမ်းအခက်အခဲကြောင့် မတင်ပို့နိုင်သေးကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ပြင်ဦးလွင်မြို့နယ်တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ **MT**



## ပဲခူးမြို့၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပဲခူး ဒီဇင်ဘာ ၄

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံရေး လူမှုရေး စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်ကာ အသိပညာမြှင့်တင်နိုင်ရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေးသည် အရေးကြီးကြောင်းနှင့် မသန်စွမ်းသူများအတွက် အခွင့်အလမ်း၊ အခွင့်အရေးများကို အများနည်းတူ ရရှိခံစားနိုင်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် တတ်စွမ်းသရွေ့ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မသန်စွမ်းများ တည်းခိုနိုင်ရေး ဝန်ဆောင်မှုဆောင်ရွက်ပေးထားသည့် ဟိုတယ်ပိုင်ရှင်၊ မသန်စွမ်းသူများ ပညာရေးနောက်ကျမှုမရှိစေရေး စောင့်ရှောက်ပညာသင်ကြားပေးနေသည့် အခြေခံပညာအထက်တန်းကျောင်းခွဲ (ဘုရားသုံးဆူ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးကလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုငွေများချီးမြှင့်**

ယင်းနောက် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြပြီး အခမ်းအနား တက်ရောက်လာသည့် မသန်စွမ်း သားငယ် သမီးငယ်များက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် မသန်စွမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအထိမ်းအမှတ် မုန့်လုပ်နည်းသင်တန်း ဖွင့်လှစ်

ပုသိမ် ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး မုန့်လုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။



**ဖွင့်လှစ်သင်ကြားပေး**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမျိုးသမီးများအားလုံး အမျိုးသားများနှင့်တန်းတူ ကဏ္ဍစုံလုပ်ငန်းနယ်ပယ်အသီးသီးတွင် ပါဝင်နိုင်စေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင် လုပ်ကိုင်သွားကြမည်ဖြစ်ပါကြောင်း၊ အိမ်တွင်းမှုသက်မွေး ပညာရပ်များကို ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် မည်သည့်ပညာရပ်ကိုမဆို တတ်မြောက်အောင် သင်ကြားပြီးတီထွင် ဆန်းသစ်မှုများဖြင့် မိမိဘဝမြင့်မားတိုးတက်အောင် ဆက်လက်ကြိုးစားသွားကြရန် လိုပါကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါ မုန့်လုပ်နည်းသင်တန်းကို တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် လေးထပ်ကျောက်ကျောခင်လေး ပူစာမုန့်၊ မုန့်လာဥနီ ဆနွင်းမကင်း၊ မုန့်ဗိုင်းတောင့် ပြုလုပ်နည်းများကို လက်တွေ့သင်ကြားပြသပေးရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## ပုပ္ပားတောင်ဒေသသည် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်အဖြစ် မကြာမီထွက်ပေါ်လာတော့မည်

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံအလယ်ပိုင်း၏ အိုအေစစ်ဖြစ်ပြီး ခရီးသွားများ စိတ်ဝင်စားရာ ပုပ္ပားတောင်ဒေသသည် မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်အဖြစ် မကြာမီထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကာ ကမ္ဘာ့အဆင့် ယူနက်စကိုစာရင်းဝင် ဘူမိဥယျာဉ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားခြင်းလည်းဖြစ်သည်။

"ဘူမိနေရာတွေက အရင်ကတည်းက ရှိပြီးသား။ ဒါကိုပဲ ထိန်းသိမ်းလိုက်တာပေါ့။ လက်ရှိဖွဲ့တာတွေက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်နိုင်တဲ့ နေရာ ၁၅ ခုကို စပြီး ဘူမိဥယျာဉ် လုပ်ကြမယ်ဆိုပြီး စဖွဲ့လိုက်တာ။ ဒီထက်များတာ ရှိသေးတယ်။ တခြားသော ဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက် ရောက်နေတာတွေလည်း ရှိသေးတယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ဘူမိဥယျာဉ် သတ်မှတ်လိုက်ပါက ထိန်းသိမ်းရန်အတွက် ကန့်သတ်မှုများ ရှိလာမည်ဖြစ်သော်လည်း ခရီးသွားများ စည်ကားလာမည့်အပြင် ဒေသခံများအတွက်လည်း အလုပ်အကိုင် ကောင်းမွန်ပြီး လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်ကြောင်း သိရသည်။

ထက်ဦးမောင်

## ဓနုဖြူမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ဓနုဖြူ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံရရှိထားပြီး တောင်သူများအား ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ပြုလုပ်သည်။

**စိုက်ပျိုးစရိတ်များပေးအပ်**

အဆိုပါ အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် ဧရာဝတီတိုင်းဒေသကြီး မန်နေဂျာတို့က ၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူကြသည့် တောင်သူဦးကြီးများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို ဖြေကြားပြီး သာဒေါင့်ကျေးရွာအုပ်စုရှိ တောင်သူများကို စိုက်ပျိုးစရိတ်များ ပေးအပ်ခဲ့သည်။ ထို့နောက် ဓနုဖြူမြို့နယ်အတွင်းရှိ သာဒေါင့်ကျေးရွာအုပ်စုမှ တောင်သူ ၆၃ ဦး၊ ဧက ၄၂၆ ဧက၊ ထုတ်ချေးငွေကျပ် ၄၂၆၀၀၀၀၀၊ ပရီမီယံကြေး ၄၂၆၀၀၀ ကို တောင်သူများက ဝယ်ယူခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ဗိုလ်တထောင်မြို့နယ်၌ ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ဗိုလ်တထောင် ဒီဇင်ဘာ ၄

ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကြီးမှူးကျင်းပ၍ (၂၂)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုသောအားဖြင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဗိုလ်တထောင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း သစ္စာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်အေးချမ်းမိုးက တိုင်းရင်းဆေးပညာမိတ်ဆက်ပွဲနှင့် ဆောင်းရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က လူငယ်အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဗိုလ်တထောင် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးချမ်းမိုးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေဝင်းထံသို့ တိုင်းရင်းဆေးများ ပေးအပ်လှူဒါန်းခြင်း၊ ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဝင်း(ပြန် /ဆက်)

# ရွှေဘိုမြို့၌ နှမ်းဈေးနှုန်း အနည်းငယ် မြင့်တက်

ရွှေဘို ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ နိုဝင်ဘာလ တတိယပတ်မှ စတင်၍ နှမ်းဖြူနှင့် နှမ်းနက်များ ဝင်ရောက်ခဲ့ရာ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၁၃၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀ (တန်အားဖြင့် ၂၂ တန်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၁၁၁၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၀၀၀ (တန်အားဖြင့် ၂၄ တန်) အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊နိုဝင်ဘာလ တတိယပတ်နှင့် နောက်ဆုံးပတ်အတွင်း အရောင်း အဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက နိုဝင်ဘာလ တတိယပတ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၁၀၀၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၀၈၃၀၀ ပေါက်ဈေးရှိခဲ့သဖြင့် နိုဝင်ဘာလ စတုတ္ထပတ်တွင် နှမ်းဖြူ



တစ်တင်းလျှင် ကျပ် ၃၃၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀ ဈေးနှုန်း ပိုမို၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဒီဇင်ဘာ ၄

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ပို့ကုန်တင်ပို့မှု အနေဖြင့် ငရုတ်၊ ဂေါ်ဖီ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ချင်းခြောက်၊ ပြောင်းမှုန့်၊ နနွင်းတက်၊ မန်ကျည်းသီး (အစေ့ပါ)၊ ငါးဖမ်းပိုက်၊ ပုလင်းကွဲ၊ တောထန်းမြစ်ခြောက်၊ ငါးကြင်းစည်ဖောင်းခြောက်၊ ကဏန်း၊ ပုစွန်၊ ငါးကြိုတ်သား၊ ငါးပါးလျှပ်၊ ငါးမြွေထိုး၊ ကျောက်ငါး၊ ငါးသင်ဖြူး၊ ငါးခွေးလျှာ၊ ခဲ/သတ္တုများနှင့် CMP ပစ္စည်းများ တင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာ၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ CMP ၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုတ်ဆေး၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများနှင့် ငါးဖမ်းပစ္စည်းတို့ ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် ယခုပတ်တွင် တစ်ဘတ်လျှင် ၉၁ ဒသမ ၃၂ ကျပ် ဖြစ်ပါသဖြင့် ဘတ်ဈေး အနည်းငယ် မြင့်တက်သွားခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၀၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၅၃၉ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၅၄၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

# ကျောက်ဆည်၌ ဆောင်းငရုတ်သီးနှံများ စတင်စိုက်ပျိုး

မန္တလေး ဒီဇင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကိုလည်း စိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း ငရုတ်စိုက်ဧက ၂၆၉ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ဆောင်းငရုတ်ကို စတင်စိုက်ပျိုးလျက်ရှိရာ စဉ့်ကိုင်မြို့နယ်၌ အများဆုံး စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်နှင့် မြစ်သားမြို့နယ်တို့တွင်လည်း စတင်စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ဆောင်းငရုတ်တစ်ဧကလျှင် သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်မျိုးအနေဖြင့် ၆၉၂ မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးပေါ်ချိန်တွင် ဈေးနှုန်းနှင့် အထွက်နှုန်းများ ကောင်းမွန်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ကျောက်ဆည်တွင် ငှက်ပျောသီးနှံများ ဈေးကောင်းရ

မန္တလေး ဒီဇင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၉၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ဧက ၁၂၁၀ ရိတ်သိမ်းပြီးစီးကြောင်း၊ ပျမ်းမျှအထွက် နှုန်းအနေဖြင့် ငှက်ပျောခိုင်ပေါင်း ၉၆၀၀၀၀ ထွက်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင် ငှက်ပျော တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၁၅၀၀၀၀၀ ကုန်ကျပြီး တစ်ဧက အထွက်နှုန်းအနေဖြင့် ငှက်ပျောခိုင် ၈၀၀ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အခိုင် ၄၀ ပါ ငှက်ပျောလှည်း တစ်စီးလျှင် ကျပ် ၄၀၀၀၀၀ ခန့်ဖြင့် ရောင်းချရကြောင်း၊ ကြိုရောင်းဈေးနှုန်းအနေဖြင့် ငှက်ပျော လှည်းတစ်စီးလျှင် ကျပ် ၃၀၀၀၀၀ဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ်၌ ငှက်ပျောသီး(ဖီးကြမ်း) လက်ရင်းတစ်ဖီးလျှင် ကျပ် ၂၈၀၀၊ လက်ဖျား တစ်ဖီး လျှင် ကျပ် ၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုအချိန်တွင် ငှက်ပျောသီး (ဖီးကြမ်း) လက်ရင်း တစ်ဖီးလျှင် ကျပ် ၃၀၀၀၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ငှက်ပျောသီးဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ် ပိုမိုရရှိကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင် ဒီဇင်ဘာ ၄

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၂၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၇၃ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၇၂ ဒသမ ၄၁ တန်၊ ဂျင်းခရု (အရှင်)၁၄ တန်၊ ရွှံ့ကဏန်း (အရှင်) ၆ ဒသမ ၃၅ တန်၊ ပုစွန်ငါးပိ လေးတန်၊ ကဏန်းအသေ ၇ ဒသမ ၆ တန်၊ ရေခူဆားနယ် ၁၅ တန်၊ ကျောက်ပုစွန် အရှင် သုည ဒသမ ၆၈ တန်၊ ငှက်ပျောသီး တန် ၆၀၊ ငရုတ်သီးစိမ်း ၁၂ ဒသမ ၂ တန်၊ ဆီအုန်းကြိတ်ဖတ် ၁၀၀ ဒသမ ၀၂ တန်၊ တံမြက်စည်း ၁၆၈၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီးခြောက်တန်၊ ဆောက်လုပ်ရေးသုံးမှုန် ငါးတန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာ ဖြစ်သည်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၄

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ဒီဇင်ဘာ ၃ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁ ဒသမ ၆၅၁ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၁၇၃ ဒေါ်လာသန်း စုစုပေါင်း ၁ ဒသမ ၈၂၄ ဒေါ်လာ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၉ ဒသမ ၈၅၉ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိက ပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တန် ၃၈၀၀၊ ရော်ဘာစိမ်း ၁၉၃ တန်၊ ဖရဲသီး ၁၂၅ တန်နှင့် ဆန် တန် ၁၁၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး ၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တန်ချိန် ၈ ဒသမ ၇၄၀ တန်၊ လုပ်ငန်းသုံး ပစ္စည်း ၇၆ တန်နှင့် လူသုံးကုန်ပစ္စည်း ၆၁ တန်တို့ တင်သွင်းနိုင်ခဲ့သည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

## ၄.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၄၇၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၆၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၇၀၀ | ၆၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၀၀ | | ၄၁၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၅၉၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၃၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၁၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၁၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၄၇၀၀ | | ၁၃၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၈၀၀ | ၄၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၁၀၀၀ | | ၁၂၀၀၀ |

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

တောင်ကြီး ဒီဇင်ဘာ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရှမ်းပြည်နယ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။




**ဖွင့်လှစ်ပေးခဲ့**

အဆိုပါပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာ ၃၂ ရွာမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၈ ဦးနှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသအလိုက်အနေဖြင့် ရှမ်းပြည်နယ်ရုံး ငါးခု၊ ရက်ကန်းကျောင်း(တောင်ကြီး) နှစ်ခု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခု၊ လွိုင်လင်ခရိုင် ငါးခု၊ တာချီလိတ်ခရိုင် ငါးခု၊ လားရှိုးခရိုင် ခြောက်ခု၊ ရက်ကန်းကျောင်း(ကျောက်မဲ) နှစ်ခု စုစုပေါင်း ၃၂ ခုအား တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၂၀ အနက် ငွေကျပ်သန်း ၁၆၀ ဖြင့် စီမံကိန်းလုပ်ငန်းနှင့်သက်ဆိုင်ပြီး စီမံကိန်းဒေသများမှ တောင်းဆိုသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ရှိသော ငွေကျပ်သန်း ၁၆၀ ကို လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူ ၁၆၀ ကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဘော်နင်းကျေးရွာမှ ငါးဦးအတွက် Air Comperssor ၊ ဖိအားမြှင့်ရေဖျန်းစက်၊ ဘက်ထရီအားသွင်းစက်၊ ဘောက်စပန်နာ ၆၄ မျိုး၊ လက်ကိုင်ဖောက်စက်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အလယ်ချောင်ကျေးရွာမှ ငါးဦးအတွက် ဆီထုတ်စက်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက ကန်တန်ကျေးရွာမှ ငါးဦးအတွက် StandDrill၊ 14" High Speed Cutter၊ Portable Welding Machine၊ Hand Drill(Impact) Hand Grinder၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ကက္ကူကျေးရွာမှ ငါးဦးအတွက် Oven၊ ဂျုံမွှေစက်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ပံပင်ကျေးရွာမှ ငါးဦးအတွက် ဆီထုတ်စက်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မိုင်းသောက်ကျေးရွာမှ ငါးဦးအတွက် တုံးလုံးချား၊ ချားခုံနှင့် စည်းကောက်ခုံ လက်ရက်ကန်းစင်၊ အထည်တင်စင်များကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံး လုပ်နည်းများ (SOP) ရေးဆွဲရေး ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit –CPU) ၏ တည်မြဲလုပ်ထုံးလုပ်နည်းများ (SOP) ရေးဆွဲရေးနှင့် စပ်လျဉ်းသော ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (CPU) အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် (CPU)အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်(၆)ရပ်တွင် ပါဝင်သော စံလုပ်ငန်းသတ်မှတ်ချက် (Standing Operating Procedures–SOP)ရေးဆွဲရေးအတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ သုံးသပ်အကဲဖြတ်မှု(Corruption Risk Assessment–CRA) လုပ်ငန်းဆောင်ရွက်နေမှုများ၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် အသိပညာပေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**သတင်းစဉ်**

## အလောင်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော် ရေရှည်တည်တံ့ရေးနှင့် မူလလက်ရာမပျက် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်နေ

ရန်ကုန် ဒီဇင်ဘာ ၄

ဘီးလင်းမြို့နယ်ရှိ ကင်းရွာတွင် တည်ရှိသော တတိယမြန်မာနိုင်ငံတော်တည်ထောင်သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အုတ်နန်းပြာသာဒ်တော် ရေရှည်တည်တံ့ရေးနှင့် မူလလက်ရာမပျက် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာတော်ဝင်အနွယ်တော်များအစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ၁၁၂၁ ခုနှစ်တွင် ယိုးဒယားတို့က ထားဝယ်မြို့ ကျေးစွန်ရွာလက်ကို ထိပါးကြောင်း ကြားတော်မူ၍ အလောင်းမင်းတရားကြီး ကိုယ်တော်တိုင် ထားဝယ်ကြောင်း ချီတော်မူပြီးနောက် အယုဒ္ဓယမြို့ကို ဝန်းရံစဉ် မကျန်းမာသဖြင့် ပြန်လာရာ ၁၁၂၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်တွင် ကင်းရွာ၌ သက်တော် ၄၅ နှစ် စည်းစိမ်တော် ရှစ်နှစ်တွင် နတ်ရွာစံတော်မူခဲ့ခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော်ရေရှည်တည်တံ့ရေးအတွက် လက်ရှိတွင် အမိုးမိုးပေးထားခြင်း ဖြစ်သည်။ “မိုးရာသီမှာ မိုးဒဏ်ကာကွယ်ဖို့အတွက် အမိုးမိုးပေးလိုက်တဲ့ သဘောပါ။ အဲဒီကုန်ကျစရိတ်ကို မြန်မာတော်ဝင်အနွယ်တော်များအစည်းအရုံးက ကျခံပေးပြီးတော့ ဆက်လက်တည်ရှိနေဖို့ ဆောင်ရွက်ပေးခဲ့တာပါ။ ပြာသာဒ်ပေါ်နဲ့ အနီးပတ်ဝန်းကျင်မှာ ပေါက်နေတဲ့ မြက်ပင်တွေကို ရှင်းလင်းတာနဲ့ အမိုးမိုးပေးထားပါတယ်။ မူလလက်ရာမပျက်ထိန်းသိမ်းနိုင်ရေးကိုလည်း ဆောင်ရွက်နေပါတယ်” ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။ ဆက်လက်ထိန်းသိမ်းခြင်းကို အဆိုပါပြာသာဒ်ရှိရာ ကျောင်းမှ ဆရာတော်က ဆက်လက်ဆောင်ရွက်ပေးတော်မူပေးမည်ဖြစ်ကြောင်း သိရသည်။

**ထက်ဦးမောင်**

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးခြင်း အသိပညာပေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ ခရိုင် လေးခုရှိ မြို့နယ်လေးမြို့နယ်တို့တွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။



မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့မဲပေးလေ့လာခြင်းကို သက်ဆိုင်ရာနယ်မြေအလိုက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဆောင်ရွက်ခဲ့ရာ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ရပ်ကွက် ၁၁ ခုတို့မှ ၄၀၁ ဦး၊ အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ မြို့နယ်တွင် ရပ်ကွက် ခုနစ်ခုတို့မှ ၂၄၃ ဦး၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၅ ခုတို့မှ ၄၅၃ ဦး၊ အနောက်ပိုင်းခရိုင် ကျောက်တံတား မြို့နယ်တွင် ရပ်ကွက် ငါးခုတို့မှ ၃၅၅ ဦး၊ စုစုပေါင်း ရပ်ကွက်/ကျေးရွာအုပ်စု ၆၈ ခုတို့မှ ၁၄၅၂ ဦး လာရောက်လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာ နယ်မြေအလိုက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ပါတီကိုယ်စားလှယ်များလည်း တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်အား ရန်ကုန်တိုင်းဒေသကြီးနယ်မြေရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ထိ မဲဆန္ဒရှင်ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေမြင့်မှ နိုင်ငံမြင့်မယ်၊ နိုင်ငံမြင့်မှ လူမျိုးတင့်မယ်။ ဒါကြောင့် စာရေးဆရာတိုင်း စာပေသစ္စာဖြင့် စာပေလောကကို မြှင့်တင်ပေးစေလိုပါတယ်။ ယနေ့ခေတ်လူငယ်တချို့က သူတို့ဘာဖြစ်ချင်မှန်းကို မသိကြဘူး

စာရေးဆရာတင်တော်

ရန်ကုန် ဒီဇင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**ဘာသာရပ် - ဝတ္ထုတို**

**စာရေးသူ - တင်တော်**

**ဆုအမျိုးအစား - ပထမ**

"**တုမဲ့နှုန်း၍ ရွှေဘုန်းမော်နိုင်ပါစေ** ဝတ္ထုတိုပေါင်းချုပ်ဖြစ်ပါတယ်။ ဝတ္ထုတိုက ရှစ်ပုဒ်ပါဝင်ပြီး နှစ်နှစ်ကြာ အချိန်ယူရေးသားခဲ့ပါတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာ၊ အခက်အခဲတွေကို ရှောင်လွှဲလို့မရနိုင်ပေမယ့် လက်ရှိအခြေအနေမှာ ဘယ်လိုပြောင်းလဲကျော်ဖြတ်မလဲဆိုတဲ့ ဘဝရဲ့ အားမာန်နဲ့ အသိခွန်အားတွေကိုဖြစ်စေတဲ့ ဝတ္ထုတိုတွေ ဖြစ်ပါတယ်။

၁၉၇၄-၇၈ ကာလ မန္တလေး ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ် ကျောင်းသားဘဝက **ကိုမောင်လွမ်းလု (ထီလာ)**ဆိုတဲ့ ကလောင်အမည်နဲ့ ကဗျာနဲ့ ဝတ္ထုတိုတွေ စတင်ရေးသားခဲ့ပါတယ်။ ဘွဲ့ရပြီး နိုင်ငံ့ဝန်ထမ်းဖြစ်တော့ စာမရေးဖြစ်ခဲ့ပါဘူး။ ၂၀၀၉ ခုနှစ်မှာ တင်တော်ဆိုတဲ့ ကလောင်အမည်နဲ့ မှုခင်းဂျာနယ် အတွဲ(၁၃)၊ အမှတ်-၂၄၅ မှာ **မှုခင်းတွေကင်းပြီး ပျော်ရွှင်ဖွယ်ဘဝနေနည်း** ဆောင်းပါးနဲ့ စာပေနယ်ကို ပြန်လည်ခြေချဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ဥပဒေရေးရာအသိပညာပေးဆောင်းပါးတွေ၊ မှုခင်းဆိုင်ရာ အသိပေး၊ သတိပေး ဝတ္ထုတိုတွေ အများအပြားရေးသားခဲ့ပါတယ်။ အရာထမ်းဘဝမှာ အငြိမ်းစားယူပြီး ၂၀၁၆ ခုနှစ်မှစတင်ပြီး ဘဝအတွေ့အကြုံတွေကို ဖတ်ချင့်စဖွယ် ရသမြောက်အောင် ပညာပေးအဖြစ် ရေးသားလျက်ရှိပါတယ်။

အခုဆုအပါအဝင် စာပေဆုခြောက်ဆုရရှိခဲ့လို့ ဝမ်းသာရခြင်းထက် ရွယ်သက်နဲ့ ရေးသက်အရ မိမိကိုယ်ကို ဘယ်လိုလူမျိုးဖြစ်တယ်ဆိုတာ ဖော်ပြနိုင်လို့ ပိုပြီးဂုဏ်ယူမိပါတယ်။ စာပေမြင့်မှ နိုင်ငံမြင့်မယ်၊ နိုင်ငံမြင့်မှ လူမျိုးတင့်မယ်။ ဒါကြောင့် စာရေးဆရာတိုင်း စာပေသစ္စာဖြင့် စာပေလောကကို မြှင့်တင်ပေးစေလိုပါတယ်။ ယနေ့ခေတ်လူငယ်တချို့က သူတို့ဘာဖြစ်ချင်မှန်းကို မသိကြဘူး။ အဲလို ဘာဖြစ်ချင်မှန်းမသိတော့ ဘာလုပ်ရမှန်း မသိဘူး။ ဒါကြောင့် ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ မှေးမှိန်ဝေဝါးနေကြတယ်။ အဲဒါဟာ စာမဖတ်လို့ပဲ။ ဘဝမှာ စာဖတ်ခြင်းဖြင့်သာ တိုးတက်အောင်မြင်မှုကို ရရှိနိုင်ပါတယ်။ ဒါကြောင့် စာဖတ်ကြပါလို့ ပြောချင်ပါတယ်" ဟု ပြောကြားသည်။

စာရေးဆရာတင်တော်၏ အမည်ရင်းမှာ ဦးတင်ထွဏ်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာတွင် အဖ ဦးအေးလှိုင်နှင့် အမိ ဒေါ်တော်တို့က ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အထက်တန်းရှေ့နေ (H.G.P)စာမေးပွဲ အောင်မြင်ခဲ့သည်။

ယခုအခါ စာရေးဆရာတင်တော်သည် မိတ္ထီလာမြို့၌ ဇနီးဖြစ်သူ ဒေါ်ပြုံးပြုံးလွင် (ကျောင်းဆရာမငြိမ်း)နှင့်အတူ နေထိုင်လျက်ရှိပြီး ရှေ့နေတစ်ဦးအဖြစ် အများပြည်သူအား ဥပဒေရေးရာကိစ္စရပ်များကို အကြံပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဘာသာရပ် - စာပဒေသာ**

**စာရေးသူ - နေဇင်(ပေါက်ခေါင်း)**

**ဆုအမျိုးအစား - ပထမ**

**မြောက်ပိုင်းဒေသဘဝမှတ်တမ်း** စာမူကို ၂၀၁၆ ခုနှစ်လောက်ကတည်းကစပြီး ရေးသားခဲ့ပါတယ်။ အချိန်ယူပြင်ဆင်တည်းဖြတ်ပြီးမှ ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၆ ခုနှစ်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းမှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေ၊ ရဲဘော်ရဲဘက်တွေရဲ့ ရဲဘော်စိတ်ပြည့်ဝမှုတွေ၊ အရာရှိ/စစ်သည်တွေရဲ့ တစ်ဦးအပေါ်တစ်ဦးထားတဲ့ သံယောဇဉ်တရားတွေ၊ အခက်အခဲတွေကို အတူရင်ဆိုင်ကျော်လွှားခဲ့ကြတာတွေ၊ နယ်မြေခံပြည်သူလူထုရဲ့ ကျန်းမာရေး၊ ရပ်ရွာသာယာရေးတွေ တတ်စွမ်းသမျှ ဆောင်ရွက်ပေးခဲ့ပုံတွေကို ရေးသားထားပါတယ်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလထုတ် မင်္ဂလာမောင်မယ်စာစောင်မှာ ဖော်ပြခံရတဲ့ **ငွေ ၁၅၀ နှင့် ကျွန်တော်၏စာရိတ္တ** ဝတ္ထုတိုနဲ့ စာပေလောကထဲကို ရောက်ရှိလာခဲ့ပါတယ်။ အခုလက်ရှိတော့ စာနယ်ဇင်းတွေမှာ ကဗျာ၊ ဆောင်းပါး၊ ရသစာတမ်း၊ ဝတ္ထုတွေ ရေးသားလျက်ရှိပါတယ်။ ထွက်ရှိခဲ့တဲ့ စာအုပ်တွေအနေနဲ့တော့ ကလောင်စုံစုပေါင်းထုတ်တဲ့ ဝတ္ထုတိုပေါင်းချုပ် နှစ်အုပ်နဲ့ ၂၀၂၂ ခုနှစ် တပ်မတော်နေ့စာမူပြိုင်ပွဲ



စာရေးဆရာ
တင်တော်



စာရေးဆရာ
နေဇင်(ပေါက်ခေါင်း)

ဝတ္ထုရှည် ပထမဆုရတဲ့ စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပါတယ်။

အခုလို ဆုရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဆုရရှိမယ်လို့လည်း မျှော်လင့်မထားပါဘူး။ ဒီဆုဟာ ကျွန်တော်တစ်ယောက်တည်း ရတဲ့ဆုမဟုတ်ဘဲ ကျွန်တော့်ရဲဘော်ရဲဘက်တွေနဲ့အတူ ရရှိခဲ့တဲ့ဆုလို့ ဂုဏ်ယူစွာခံယူမိပါတယ်။ အကဲဖြတ် ပညာရှင်ကြီးတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်" ဟု ပြောကြားသည်။

စာရေးဆရာနေဇင်(ပေါက်ခေါင်း)အား အဖ ဦးမောင်မောင်လေး(အထက်တန်းပြ-ငြိမ်း)နှင့် အမိဒေါ်ခင်အေးဝင်းတို့က ၁၉၉၁ ခုနှစ် ဇွန် ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ရွာ၌ မွေးဖွားခဲ့သည်။

၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ပြီး စစ်တက္ကသိုလ် အမှတ်စဉ်(၅၃)ဗိုလ်လောင်းသင်တန်းသို့ တက်ရောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်(ကြည်း)၌ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရပြီး မိခင်တပ်ရင်းမှာ အမှတ်(၃၈၁)ခြေမြန်တပ်ရင်းဖြစ်သည်။

ယခုအခါ မြဝတီစာပေတိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး သုတကမ္ဘာဂျာနယ် တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်လျက်ရှိကာ စာပေများပြုစုရေးသားလျက်ရှိပြီး အမည်ရင်းမှာ ဗိုလ်ကြီးနေထွဋ်အောင်ဖြစ်သည်။

တွေ့ဆုံမေးမြန်း - လင်းရာမ

ဓာတ်ပုံ - ကိုထက်

## ပုဇွန်တောင်မြို့နယ်၌ အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြသပွဲ ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြသပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးရှိ တေဇခန်းမ၌ ဆောင်ရွက်ခဲ့သည်။

**အသိပညာပေးဟောပြော**

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်စန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်နှင့် စာရေးဆရာမ မေမြတ်စန္ဒာတို့က နိုင်ငံတော်ကို အကျိုးပြုမည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရေး အသိပညာပေး ဟောပြောကြသည်။ ထို့နောက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူလေးများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်နှင့် အလယ်တန်းပြဆရာမ ဒေါ်နီနီဝင်းတို့က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်း အကျယ်တဝင့် ဆွေးနွေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

မြင့်ဦး

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)

Myanmar Public Health Conference (2023)

"လူတိုင်းသက်ရှည်ကျန်းမာဖို့၊ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"

"Public Health: Improving the longevity and health of the nation"

(၆-၁၂-၂၀၂၃) မှ (၇-၁၂-၂၀၂၃) ထိ နေပြည်တော်

■ **အားကောင်းသောမုန်တိုင်း**

မာချီလီပတ္တနမ်မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၁၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"သည် အင်ဒိယာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့်အပြိုင် မြောက်ယွန်းယွန်းသို့ ရွေ့လျားပြီး ဒီဇင်ဘာ ၅ ရက်တွင် အင်ဒိယာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြား ဘပတ်လမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ကိုးခု ရရှိခဲ့သည့် အောင်ပွဲရ မြန်မာဗိုဗီနမ် အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၄**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် နိုဝင်ဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် 7th World Vovinam Championships ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာဗိုဗီနမ် အားကစားအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိကြသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါ အားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများက ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုကြသည်။



ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရမြန်မာဗိုဗီနမ်အားကစားအဖွဲ့မှ Pair Machete Form Male ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်တို့ အတွဲက ရွှေတံဆိပ် တစ်ခု၊ (၅၁)ကီလိုတန်း (အတိုက်)ပြိုင်ပွဲတွင် နှင်းသက်ဝေက ရွှေတံဆိပ် တစ်ခု၊ Four Element Staff Form ပြိုင်ပွဲတွင် တင်ထူးဇော်က ငွေတံဆိပ် တစ်ခု၊ 3 Male၊ 3 Female ပြိုင်ပွဲတွင် တင်ထူးဇော်၊ ကျော်သူစိုးအောင်၊ ဟိန်းထက်အောင်၊ ချစ်နိုဒီဆောင်း၊ မေဟန်နီအောင်လွင်နှင့် အိန္ဒြေဖူးတို့အတွဲက ငွေတံဆိပ် တစ်ခု၊ Ying Yang Sword Form Female ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်က ငွေတံဆိပ် တစ်ခု၊ (၅၄)ကီလိုတန်း (အတိုက်)ပြိုင်ပွဲတွင် မင်းမင်းထိုက်က ကြေးတံဆိပ် တစ်ခု၊ Female Self Defense (အပြ)ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ချစ်နိုဒီဆောင်းတို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Pair Sword Form Male ပြိုင်ပွဲတွင် တင်ထူးဇော်နှင့် ကျော်သူစိုးအောင်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Ying Yang Sword Form Male ပြိုင်ပွဲတွင် ဟိန်းထက်အောင်က ကြေးတံဆိပ် တစ်ခု၊ Male Ying Yang Sword Form Team 4 ပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်နှင့် တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Male multiple training-01 male athlete defends against 03 others with wespon ပြိုင်ပွဲတွင် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်နှင့် တင်ထူးဇော်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Cross form female ပြိုင်ပွဲတွင် ချစ်နိုဒီဆောင်းက ကြေးတံဆိပ် တစ်ခု၊ One female athlete defense against 3 male athlete with weapon ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်၊ အောင်ခိုင်လင်း၊ တင်ထူးဇော်နှင့် ကျော်သူစိုးအောင်တို့အတွဲက ကြေးတံဆိပ် တစ်ခု၊ Pair knife form male ပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်တို့အတွဲက ကြေးတံဆိပ် တစ်ခု ရရှိခဲ့ပြီး မြန်မာဗိုဗီနမ်အသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ကိုးခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းလပ်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျိုင်းလပ် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)၌ ကျင်းပသည်။

ဦးစွာ အထက(ဝမ်နတ်) လက်ထောက်ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကျောင်းသူ လေးဦးတို့က "လူငယ်နှင့်ပရဟိတစိတ်ဓာတ်"၊ "လူငယ်နှင့်အောင်မြင်ရေး"၊ "လူငယ်နှင့်အပြောင်းအလဲ"၊ "လူငယ်နှင့်စည်းကမ်း" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ အခမ်းအနားတက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးပြီး တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



# တံတားမြို့ အထက၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**တံတား ဒီဇင်ဘာ ၄**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးစီးမှူး ဒေါ်မိုးဖြူလွင်က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ဝါသနာ၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြပြီး အဆိုပါ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၄-၁၂-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၆၃၆။ | ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် AIR CHIEF MARSHAL PUNPAKDEE PATTANAKUL နှင့်ဇနီး Ms.MONTIRA PATTANAKKUL ကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၆၃၇။ | ဓမ္မဝါဒီသီလရှင်စာသင်တိုက်ဆရာကြီးနှင့် တပည့်ဆရာလေးများကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၆၃၈။ | နှစ်ဖက်မိဘများအားရည်စူးအမှူးထား၍ ဦးဝင်းမော်သိန်းနှင့်ဇနီး ဒေါ်နန်းစန္ဒာဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၆၃၉။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်ကြင်အေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၇၆၄၀။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်ကြည်မြင့်၊ (သမီး)မသိန်းသိန်းမြင့်၊ မခင်လှမြင့်၊ (သား)ကိုကျော်ကျော် နှင့်ဇနီး မမြင့်မြင့်နိုင်၊ (မြေး)မောင်ကျော်စောလင်း၊ မောင်ဉာဏ်လင်းမောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၆၄၁။ | ဦးဝင်းတင်အားရည်စူး၍ ဒေါ်တင်မော်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၆၄၂။ | သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်းခိုင်၊ (သား)ဒေါက်တာပြည့်စုံအောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၆၄၃။ | ဒေါ်နှင်းရီ၊ (သား)မောင်တိုးဝေသျှံမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၆၄၄။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်ကြည်၊ ဦးမေးနှင့် ဒေါ်ခင်ကြည်၊ ဦးဟန်တင်နှင့် ဒေါ်တင်ကြည်တို့အား ရည်စူး၍ ဦးကျော်ကျော်စိုးနှင့်ဇနီး ဒေါ်ခင်သန်းဝင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၆၄၅။ | ဦးသန်းထူးနှင့်ဇနီး ဒေါ်ယုယုမော်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၆၄၆။ | တောင်ဥက္ကလာအမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်နှင့်သူနာပြုဆရာမများ၊ ဝန်ထမ်းများကောင်းမှု | ၁၂၀၀၀၀ |
| ၇၆၄၇။ | ကွယ်လွန်သူ ဦးလှမြင့်အားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၆၄၈။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်မူမူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၄၉။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်အေးကြိုင်၊ (သား)ဦးတင်လွင်နှင့် ဒေါ်လွင်မာနွယ်၊ ဦးအောင်အောင်ဇော်နှင့် ဒေါ်ကြူဇာလှိုင်၊ ဒေါ်နီလာဝင်း၊ ဒေါ်တင်ဇာဝင်း မိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၇၆၅၀။ | ဦးသန့်ဆွေနှင့်ဇနီး သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၁။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်ခင်ဝင်းဆွေ၊ (သား)Edmund၊ (သမီး)မစုလဲ့အောင်၊ မမိုးကေသွယ်အောင်၊ မခင်မို့မို့အောင်၊ (မြေး)မောင်ကောင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၂။ | ဒေါ်ခင်တင့်ဆွေ၊ (သား)မောင်မင်းခန့်မောင်မောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၃။ | ဦးလူဇော်နှင့်ဇနီး ဒေါ်ချိုလေးမာ၊ (သမီး)မမေသက်နွယ်၊ (သား)မောင်မြတ်သော်၊ မောင်ငြိမ်းလူဇော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၄။ | ကွယ်လွန်သူဖခင်ကြီးအားရည်စူး၍ ဒေါ်ချိုချိုဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၅။ | ဦးမြစီနှင့် ဒေါ်သန်းရီတို့အားရည်စူး၍ ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ခင်ချစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၆။ | ရဲအုပ်မင်းလွင်တင့်နှင့်ဇနီး ရဲအုပ်မေဇင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၇။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ခင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၈။ | ဦးသန့်ဇင်ညိမ်းနှင့်ဇနီး ဒေါ်ထိုက်စုချို၊ (သား)မောင်ကောင်းဇင်ဟိန်း၊ မရွှေလလေးသာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၅၉။ | ကိုဝေယံထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၆၆၀။ | ဦးတေဇနန္ဒမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၇၆၆၁။ | ဒေါ်ရှင်းရှင်းသန့်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၇၆၆၂။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်ကြည်မြင့်၊ (သမီး)မသိန်းသိန်းမြင့်၊ မခင်လှမြင့်မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၇၆၆၃။ | ဦးအေးကြည်နှင့်ဇနီး ဒေါ်ဖိုဖို၊ (သား)မောင်ထွဋ်ကိုကို၊ မောင်သက်နိုင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၄။ | ဦးသန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၅။ | နောင်လှိုင်ကျောင်းဆရာတော်ကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၆။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်လင်းလင်း၊ သား၊ သမီး၊ (မြေး)မဖြူစင်ရှင်းသန့်၊ မောင်ရွှေပြည့်မောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၇။ | ကွယ်လွန်သူ ဦးတင်ထွန်းရီအားရည်စူး၍ ဒေါ်ခင်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၈။ | ဦးချိုလွင်နှင့်ဇနီး ဒေါ်စောနွယ်ဝင်း၊ (သမီး)မမြဇာကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၆၉။ | ဒေါ်ခင်ညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၀။ | ဦးဆန်းထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ကြည်၊ (သား)ပြည့်ဖြိုးမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၁။ | ဦးမင်းမောင်နှင့်ဇနီး ဒေါ်နွယ်နွယ်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၂။ | ဦးဇော်ဝင်းအောင်နှင့်ဇနီး ဒေါ်ခင်ခင်မူ၊ (သား)မောင်ဝေယံဘုန်းထက်၊ (သမီး)မမေသီရိကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၃။ | ဦးဖိုးပိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၄။ | ဦးအောင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၅။ | ဗိုလ်ကြီးမြင့်အောင်(ငြိမ်း)၊ ဆရာမဒေါ်စန်းစန်းထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၆။ | ဦးမျိုးမင်းဦးနှင့်ဇနီး ဒေါ်သင်းသင်းစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၇။ | ဦးဘိုးဆည်နှင့်ဇနီး ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၈။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ထွန်းဦးနှင့်ဇနီး ဒေါ်မိုးမိုး၊ (သမီး)ဆုလဲ့နှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၇၉။ | ဦးတင်မြိုင်နှင့်ဇနီး ဒေါ်ခင်ဆွေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၈၀။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်လေးဝင်း၊ (သမီး)မမျိုးနွယ်နွယ်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၈၁။ | ဦးသန့်ဇင်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၆၈၂။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်မာလေးခင်၊ (သား)မောင်စိုးဝေထက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**


**ပျောက်ဆုံးကြောင်း**

မအေးချမ်းစန္ဒာ [၁၄/ပသန(နိုင်) ၂၃၈၀၉၆] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် (MC 726075) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph–09–964350619

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလင်းထက်ဝင်းမောင် C.D.C 82210 ကိုင်ဆောင်သော MEO CLASS III အောင်လက်မှတ် Result Sheet ပျောက်ဆုံး သွားကြောင်း ကြေညာအပ်ပါသည်။ Ph–09–962101101

**ပျောက်ဆုံးကြောင်း**

ဦးစိုးဝင်း [၁၂/ဆကခ(နိုင်) ၀၂၇၉၂၂] ၏ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် ရန်–၁၂၁၄၃/၁၉ မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၀၆၁၆၆၄

**ပတ်စ်ပို့ ပျောက်ဆုံးကြောင်း**

(ဘ)ဦးစိန်လွင်၏သား မောင်မင်းဇော် [၁၂/ဒလန(နိုင်) ၀၆၆၉၅၅] ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၅၉၆၅၉၈၁၃

**ပျောက်ဆုံးကြောင်း**

ဒေါ်လှလှမြင့် [၇/ပတန(နိုင်)၀၈၂၉၂၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–250902201

**ပျောက်ဆုံးကြောင်း**

ဦးဇင်ကိုကိုအောင် [၁၂/မဂဒ(နိုင်)၁၇၉၇၈၁] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်အမှတ် MB982142 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–780256711

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ထွန်းထွန်းမြတ် [၅/တဆန (နိုင်) ၁၄၈၈၆၉] နိုင်ငံကူးလက်မှတ်အမှတ် MB 145633 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၇၉၇၉၉၉၄၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဗိုလ်တထောင်မြို့နယ်၊45th Street Complex အိမ်ရာ၊မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်း၊တိုက်ခန်းအမှတ်(C)၊အခန်းအမှတ်(411)(1328+မျက်မြင်ဧရိယာ)ရှိကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်သီရိထွန်း(၉/မရတ(နိုင်)၀၀၆၁၁၉)ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ထက်ထက်အောင်
LL.B
အထက်တန်းရှေ့နေ (စဉ်–၅၅၃၇၆)
09 - 408098822, 09 - 765080073, 09 - 5080073
အမှတ် (1/A2)၊မြသီတာအိမ်ရာ၊မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊သဇင်လမ်း၊The G.E.M.S Condo၊တိုက်အမှတ်(၄)၊(၇)လွှာ၊အခန်းအမှတ်(၀၇၀၁)၊(၁၅၀၅)စတုရန်းပေအကျယ်ရှိရေမီးစုံလင်စွာပါရှိသောကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်နန်းစမ်းရင်(၁၃/တကန(နိုင်)၃၆၁၄၆၉)ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ထက်ထက်အောင်
LL.B
အထက်တန်းရှေ့နေ (စဉ်–၅၅၃၇၆)
09 - 408098822, 09 - 765080073, 09 - 5080073
အမှတ် (1/A2)၊မြသီတာအိမ်ရာ၊မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ သူငွေးကုန်းကျေးရွာနေ (ဦးထွန်းမြင့်)–ဒေါ်ခင်မေတို့၏သား ကိုကျော်သူထွန်း [၇/ကတခ(နိုင်)၀၉၀၇၃၀] သည် မိဘညီအစ်ကိုမောင်နှမများကို အကြိမ်ကြိမ်စိတ်ဆင်းရဲဒုက္ခဖြစ်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မိသားစုအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေ**
**[၇/ကတခ(နိုင်)၀၂၀၁၈၁]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၆) ရပ်ကွက်၊ အင်း၀(၃)လမ်း၊ မြေကွက်အမှတ်(၃၈၃/ခ)၊ (၁)ခန်းတည်း (၅) ထပ်တိုက် အဆောက်အဦ၏ ဒုတိယထပ်၊ အကျယ်အဝန်း (၁၈ ပေx၅၄ ပေ) ရှိ တိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သော Nation Light Co.,Ltd (ကုမ္ပဏီမှတ်ပုံတင် အမှတ်–၄၇၀၄/၂၀၁၃–၂၀၁၄) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်းခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာ၈(၁၇)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၆၈၉)၊ မြေကွက် တည်နေရာအမှတ် (၆၈၉)၊ မြရတနာ(၄)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမျိုးမြင့်ဦး(YKN-၀၀၂၂၉၉) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမျိုးမြင့်ဦး(ခင်ပွန်း)ဖြစ်သူသည် (၄–၉–၂၀၂၁)ရက်နေ့တွင်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ရီရီညွန့် [၁၂/သဃက (နိုင်)၀၁၀၀၂၀] မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီး/မိန်းမတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိက သာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၉၉၅/၂၀၂၃(၂၃–၆–၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ထောင်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်ရီရီညွန့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ရီရီညွန့်၏ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်–၂+၃ အတွင်းမှ ခဲစင်းပြ ၃ (ခဲစင်း)၊ ၁၁၁x၁၁၂ လမ်းကြား၊ ၅၁x၅၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အမာတင် PTI–၀၁၉၅၇၈[၉/ပသက(နိုင်) ၀၂၇၈၃၉]၏ (SP ရသူ ဦးအောင်ကျော်ခိုင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်–၅၈၈၆/၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက် ထား လာ ပါ သည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ဈေး/ဝပ်ရှော့ဆိုင်ခန်းအမှတ်[ယ–၃၃(က)] အား ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခရမ်းဝကျေးရွာ၊ အိမ်အမှတ်(၅၄) နေ ဦးအောင်မြင့်စိုး [၁၂/မရက(နိုင်) ၁၂၄၂၁၃] (ကွယ်လွန်) အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင်ဈေးဝပ်ရှော့တန်း၊ (ယ–၃၄{က}) နေ ဦးဝင်းထွန်း [၉/မထလ(နိုင်)၁၉၃၉၂၂]သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း အကောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက် အမှတ်(၁၀၉)၊ လူနေအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁၀၉)ဟုခေါ်တွင်သည့် အလျား(၁၅) ပေxအနံ(၅၀)ပေရှိသော ဒေါ်မြရွှေ [၁၂/ဥကမ(နိုင်) ၁၀၅၀၆၅] နှင့် ဦးမြင့်ခိုင်(DGN–၀၀၁၀၈၃)တို့အမည်ပေါက်ဂရန်မြေအမျိုးအစား(ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူ ဦးစည်သူအောင် [၁၂/ဥကမ(နိုင်)၂၂၉၅၂၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါခိုင် [၇/ပခန(နိုင်) ၂၆၅၉၁၃] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ(ခြေရင်းခြမ်း)မြေကွက်နှင့် နေအိမ်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း၊ ၀၉–၇၉၁၂၃၅၄၁၀၊ ၀၉–၉၇၄၆၀၀၈၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရန်ကုန်သစ်၊ မြေကွက် အမှတ်–၆၆၂/ခ၊ ၊ မြေကွက်တည်နေရာအမှတ်(၃၄)၊ အောင်ဇေယျ(၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးထွန်းခင် [၁၂/သဃက(နိုင်)၀၈၃၅၄၄]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးထွန်းခင်(ဖခင်)သည် ၁၇–၁၀–၂၀၀၀ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်ထွေး(မိခင်)သည် ၂၀–၅–၁၉၇၁ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဦးဆန်းမြင့် [၁၂/သလန(နိုင်)၀၂၇၀၀၉]၊ ဦးစန်းတင့် [၇/မလန(နိုင်)၀၀၉၅၂၇]၊ ဒေါ်သန်းသန်းရီ [၁၂/သဃက(နိုင်)၀၉၆၁၃၉]၊ ဒေါ်ဝင်းဝင်းရီ[၁၂/သဃက(နိုင်)၀၈၃၅၄၃] တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သား၊ သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှ လွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ်–၂၀၄၀/၂၀၂၃(၂၆–၉–၂၀၂၃)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ တိုက် (၁၀၁၅)၊ ပင်းယ (၁၇)လမ်း၊ အခန်းအမှတ် (၆–Aလွှာ) ခြေရင်းခန်း တိုက်ခန်းနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှုနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးမောင်ကျော် [၁၂/ဒဂတ(နိုင်) ၁၁၆၈၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိမိဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၉၀၃၃)**
**အမှတ် (၃၂၂)၊ မြတ်လေးလမ်း၊ (၂၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၄၄၄၉၇၇၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၀)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၂)၊ မြေကွက်အမှတ်(၉၄)၊ မြေအမျိုးအစား–နှစ်(၆၀)မြေငှားဂရန် (သက်ကုန်)၊ အမည်ပေါက် ဒေါ်လှလှ (ပီဂျီယူ–၂၁၀၁၃၉) မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ဒေါ်လှလှထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်–၇၇၁၂/၂၃–၁၀–၂၀၁၉ဖြင့် ဦးကျော်ရွှေမှရရှိခဲ့ပြီး၊ အမည်ပေါက်(မိခင်) ဒေါ်လှလှသည် (၇–၁၂–၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးကျော်ရွှေသည် (၂၃–၈–၂၀၂၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြကြောင်း၊ မိခင်၊ ဖခင်တို့မှ ဦးလှမောင်ရွှေ [၉/သစန(နိုင်)၀၀၃၈၈၆]၊ ဦးလှအောင်ရွှေ [၁၂/စခန(နိုင်)၀၅၈၅၄၁]၊ ဦးလှမြင့်ရွှေ [၁၀/သထန(နိုင်)၀၁၉၀၄၁]၊ ဦးစိုးမြင့်ရွှေ [၁၂/စခန(နိုင်)၀၆၄၉၆၉]၊ ဒေါ်သက်မြင့်ရွှေ [၁၂/စခန(နိုင်)၀၀၆၇၈၅]၊ ဒေါ်သီသီရွှေ[၁၂/စခန(နိုင်)၀၀၆၉၈၇] တို့မောင်နှမ(၆)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသောသား/သမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားခဲ့ခြင်းလုံးဝမရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင်ကျိန်ဆိုသည့် ဦးလှမောင်ရွှေ+၅ ၏ကျမ်းကျိန်လွှာအမှတ်–၁၆၅၃/၂၅–၉–၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း(၂)စောင်၊ အိမ်ထောင်စုစာရင်း (၄) စောင်တို့ တင်ပြ၍ ဦးလှမောင်ရွှေ+၅ထံမှ လွှဲအပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၄၈၀၀/၁၉–၈–၂၀၂၂၊ ၈၆၀၃/၂၆–၅–၂၀၂၂၊ ၂၇၇၉/၄–၇–၂၀၂၂၊ ၅၈၅၈/၆–၄–၂၀၂၂၊ ၂၀၂၆၁/၂၈–၁၀–၂၀၂၂ တို့နှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၆၅၆/၂၀၂၃ (၂၅–၉–၂၀၂၃) တို့ကိုတင်ပြ၍ ဦးအောင်ငွေးလင်း[၉/သစန(နိုင်)၀၀၄၂၆၉]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Opening Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ လှည့်ပတ်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | Lot(1) –EP/DUHD/YDNHS/ 2023 –2024 | ဒဂုံ(ဆိပ်ကမ်း) မြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ အဆောက်အဦအမှတ် 5A 5B တွင် MATV System များ တပ်ဆင်ခြင်း |
| ၂။ | Lot(2)–EP/DUHD/YDNHS/ 2023 –2024 | ဒဂုံ(ဆိပ်ကမ်း) မြို့နယ်၊ရတနာနှင်းဆီအိမ်ရာ အဆောက်အဦအမှတ် 5A 5B တွင် အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာနှင့် Distribution Panel တပ်ဆင်ခြင်း |
| ၃။ | Lot(3) –EP/DUHD/YDNHS/ 2023 –2024 | ဒဂုံ(ဆိပ်ကမ်း) မြို့နယ်၊ရတနာနှင်းဆီအိမ်ရာ အဆောက်အဦအမှတ် 5A 5B တွင် MSB / EMSB Panel bus bar နှင့် Bust Duct အကြား Flexible Cable တပ်ဆင်ခြင်း |
| ၄။ | Lot(4) –EP/DUHD/YDNHS/ 2023 –2024 | ဒဂုံ(ဆိပ်ကမ်း) မြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ အဆောက်အဦအမှတ် 5A 5B အတွက် ဓာတ်အားပေးစက် (Standby Generator) (၂)လုံး တပ်ဆင်ခြင်း |

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့် နေ့ရက်/အချိန်/နေရာ — ၈ – ၁၂ –၂၀၂၃( သောကြာနေ့) မြို့ပြအခြေခံအဆောက်အဦ စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့် နေ့ရက်/အချိန် — ၂၁ – ၁၂ –၂၀၂၃( ကြာသပတေးနေ့) (၁၅:၀၀)နာရီတိတိ

၄။ တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်/အချိန်/နေရာ — ၂၂ – ၁၂ –၂၀၂၃( သောကြာနေ့) (၁၅:၀၀)နာရီတိတိ

၅။ တင်ဒါဖွင့်ပွဲဆောင်ရွက်ရမည့် နေ့ရက်/အချိန်/နေရာ — ထပ်မံကြော်ငြာပါမည်။

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အဦစီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်းနံပါတ် ၀၉–၉၆၅၆၉၀၀၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–မြို့သစ်(၈)၊ မြေကွက်အမှတ်–(၄၃/ခ)၊ မြေအကျယ်အဝန်း(၂၀ ပေx၆၀ ပေ) ဧရိယာ (၀.၀၂၇၅)ဧက၊ (၁၂၀၀) စတုရန်းပေအကျယ်ရှိ ဦးမောင်မောင်တာ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အဆောက်အဦအပါအဝင် ယင်းအိမ်မြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်တာ [၁၂/မရက(နိုင်)၁၀၉၈၅၇]ထံမှကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူညီထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ပါအိမ်နှင့်မြေအား ဥပဒေနှင့်အညီ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင် (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၃၂၁၄)**
**အမှတ်–၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ လူနေရပ်ကွက်အမှတ်–တ/၁၅၊ အောင်သိဒ္ဓိလမ်း၊ မြေကွက်အမှတ်–၄၈၈(က)၊ ဦးသန်းနိုင် (MYGN–034878) အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ (အလျား၂၀xအနံ ၆၀) ပေရှိ မြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးအောင်ဇော်ဦး [၁၂/ရပသ(နိုင်)၀၅၄၂၀၅] မှ ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဇင်မာဦး [၅/ဆလက(နိုင်)၀၅၆၀၃၄] ကိုင်ဆောင်သူထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်သဘောတူပြီး စရန်ငွေအဖြစ် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ဆွေမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၁၂၀)**
**အမှတ်–၂၄၉(ခ)၊၅/၁ရပ်ကွက်၊ စိန်ချယ်လမ်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉–၉၆၂၇၇၉၄၈၁**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာကျော်စိန် (သခ-၂၇) အသက်(၈၆)နှစ်သည် ၃-၁၂-၂၀၂၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Dr.ဒေါ်သန်းနွဲ့**
**မော်လမြိုင်မြို့**
**အသက်(၇၄)နှစ်**

ချစ်သူငယ်ချင်း Dr.ဒေါ်သန်းနွဲ့ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**1970 ဆေးတက္ကသိုလ်(၂)မဂ်လာဒုံ**

## ဆရာဦးသက်ဝင်း (ဘောဂဗေဒ)(မော်လမြိုင်)

**(ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁)**

**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ်(၂၁၂)နေ (ဦးခင်ရ-ဒေါ်ကြင်မေ)တို့၏ သားကြီး၊ ဒေါ်ခင်ထွေးညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်လင်း-ဒေါ်မင်းမင်းသက်၊ ဦးကျော်ကျော်သက်-ဒေါ်စန္ဒာသန်းတို့၏ ဖခင်၊ မောင်ဖြိုးဟိန်းကျော်၊ မောင်မင်းဟိန်းကျော်၊ မောင်အေးချမ်းနိုင်၊ မောင်လာဘ်ဖြိုးဦး တို့၏အဘိုး ဦးသက်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)သည် ၂-၁၂-၂၀၂၃ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၂-၂၀၂၃ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၂၆၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၆၇/ခ)၊ (၆)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စိန်မြ (AA – 086223)၊ ဦးတင်ဆွေ(J/RGN–001074) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်မြ၊ ဦးတင်ဆွေတို့ (၂)ဦး အမည်ပေါက် (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ဆွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိန်မြမှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၅၃၄/၂၀၂၃ (၂၇-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ၎င်း၏(GP)ရရှိသူ ဦးမြင့်ကို [၁၂/ဥကတ(နိုင်) ၀၁၅၇၈၃]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ်- ၄၁၈၊ ဦးပိုင်အမှတ်(၁၅-ဆ)/ မြို့ပတ်လမ်း၊ မန္တလေး-မတ္တရာကားလမ်း၊ ရွှေကျင်ချောင်းမကြီးကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်ထူး ကွယ်လွန်၍ ကျန်ရစ်သူ တရားဝင်ဇနီးများဖြစ်ကြသော ဒေါ်သီသီလေး [၉/မနမ(နိုင်)၀၁၄၁၈၄]၊ ဒေါ်ခင်မျိုးကြည် [၉/မနမ(နိုင်)၀၄၉၈၆၇]တို့က ဘိုးဘစာအုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စန်းညွန့်(ခ)ဒေါ်ညွန့်ညွန့်

**(တောင်ကြီးအသင်းနာယက)**

**အသက်(၉၀)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄၂)၊ မဥ္ဇူလမ်းသွယ် (၁)၊ ပါရမီရိပ်သာနေ (ဦးဒေးဗစ်-ဒေါ်ဆွယ်)တို့၏ သမီးငယ်၊ (ဦးဘတူ-ဒေါ်မအောင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းဝင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုးကြည်-ဒေါ်စုမေ)၊ ဒေါ်ခင်ဝင်း၊ (ဦးတင်မောင်သိန်း)-ဒေါ်စန်းရီတို့၏ ညီမငယ်၊ (ဦးဆန်းထွန်း)၊ (ဦးစန်းဋ္ဌေး)၊ Dr.တင်နွဲ့ဝင်း (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)၊ ဦးသန်းထွန်းဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်စုစန္ဒာလွင် (ခေတ္တ-U.S.A)၊ (ဦးစိုင်းဝဏ္ဏဝင်း)- ဒေါ်မြတ်စုဝင်း၊ ဦးစိုင်းအေးချိုတို့၏ ချစ်လှစွာသောအဘွား၊ ယွန်းယုယသော်၊ ရွှန်းယုယသော်၊ Sophia Wee တို့၏ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွန့်ညွန့်သည် ၃-၁၂-၂၀၂၃ ရက် နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၂-၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ခရေ (၄)လမ်း၊ တိုက်အမှတ်- ၃၂၊ အခန်းအမှတ် (၃၀၁)၊ (၃)လွှာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူများဖြစ်ကြသည့် ဦးသိန်းအုန်း [၁၀/ရမန(နိုင်)၀၀၇၇၂၆]ပါ မောင်နှမ (၄)ဦးတို့မှ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကော်ထူးဝါး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၈၄/၂၀၁၈)**
**တိုက်- ၉/၁၁၊ အခန်း (၃၀၂/ဘီ)၊ တတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၉၇၃၃၈၀၈၊ ၀၉-၂၆၃၉၉၇၄၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၂)၊ လူနေရပ်ကွက်အမှတ် (၈၂)၊ စေတနာ(၁)လမ်း၊ မြေကွက် အမှတ်-(၁၀၃၈/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးကျော်စိန် အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်မော် [၉/တသန(နိုင်)၀၉၅၃၈၆]မှ မိမိသာလျှင် အပြီးအပိုင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမျိုးအောင်** | **ဒေါ် ဖွန့်မေဒေး LL.B** |
| **[၁၂/ဒဂတ (နိုင်) ၀၉၈၃၂၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ပါမောက္ခဒေါက်တာ ကျော်စိန်

**ဒုတိယညွှန်ကြားရေးမှူး(သွားကျန်းမာ)(ငြိမ်း)**
**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနာယက**
**ဌေးပါမောက္ခ(တပ်မတော်ဆေးတက္ကသိုလ်)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၇/၁၉)၊ (၅၂)လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဘအေး-ဒေါ်လှခင်)တို့၏ သား၊ [ဒေါ်ကြူကြူအေး (သွား/ဆေး)]၏ ခင်ပွန်း၊ ဦးမင်းယုနိုင်-ဒေါ်သူဇာကျော်၊ ဦးရဲဝင်း-ဒေါ်အိအိစိုး၊ ဦးရဲသူ-ဒေါ်ဝတ်ရည်နန္ဒာဦး၊ ဦးရဲထွန်း-ဒေါ်အေးမြတ်နွယ်တို့၏ ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၃-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် (၈၆)ပါး သောရောဂါဖြင့် ရန်ကုန်မြို့၊ အမှတ်(၁၇/၁၉)၊ (၅၂)လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [၅-၁၂-၂၀၂၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၆.F)၊မြေကွက်အမှတ်(၁၀၀.A/၂.B+၁၀၀.A/၂.C)၁၆၊ဧရိယာ(၀.၀၅၄)ဧကရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုမြေအမည်ပေါက်ပိုင်ဆိုင်သူဒေါ်စိမ်းမြအောင်(၉/မဟမ(နိုင်)၀၀ရ၆၈၆)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
**ဦးအောင်ကျော်ထွန်းLL.B.,LL.M.**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉၉။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၇၅၄)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးထွန်းထွန်းမြတ် (ဘ) ဦးအိုက်မတ် [၁၂/ဒဂတ(နိုင်)၀၀၅၃၇၀] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးထွန်းထွန်းမြတ်ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၇/၂၀၂၂) (၂၁-၁၁-၂၀၂၂)ရရှိထားသူ ဒေါ်ငြိမ်းငြိမ်းဖြိုး (ဘ) ဦးအေးမောင် [၅/မရန (နိုင်) ၀၁၁၀၇၉]မှ ဒေါ်သီရိလှိုင် (ဘ) ဦးမျိုးဆက် [၉/လဝန(နိုင်)၁၄၆၉၉၉] နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ(၁၀)လမ်း၊ မြေကွက်အမှတ် (၄၀၈)ပေါ်တွင် ဆောက်လုပ်ဆဲ (၂)ခန်းတွဲ RC (၆)ထပ်တိုက်၏ (မြေရှင်ပိုင်ဆိုင်သည့်အခန်း) (၃)လွှာတိုက်ခန်း၊ အကျယ်အဝန်း (၂၇x၅၂)ပေရှိ တိုက်ခန်းအား မြေရှင်ဖြစ်သူ ဒေါ်နော်လှပို (AD-၀၄၃၀၂၇)နှင့် ခင်ပွန်းတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်လူစီခင် [၁၂/ဥကမ(နိုင်)၀၀၄၄၂၇]၊ ဒေါ်မေရီခင် [၁၂/ဥကမ(နိုင်)၀၀၄၄၂၈]၊ ဦးစောပီတယ် [၁၂/ဥကမ(နိုင်)၀၀၄၄၂၉]၊ ဒေါ်နော်ဂျူလီခင် [၁၂/ဥကမ(နိုင်)၀၀၄၄၃၀]၊ ဦးစောဂျိုးဇက် [၁၂/ဥကမ(နိုင်)၁၅၅၅၃၇]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅/၂၇-၄-၂၀၁၇)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင် ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ကချင်ပြည်နယ်၏ အထင်ကရဖြစ်သော ရေခဲတောင်တက်ခရီးစဉ်အပြင် ပူတာအိုရှိ ထင်ရှားသောနေရာများသို့ ပြည်တွင်းမှ လာရောက်လည်ပတ်မှုများပြား



ရန်ကုန် ဒီဇင်ဘာ ၄

ကချင်ပြည်နယ်၏ အထင်ကရဖြစ်သော ရေခဲတောင်တက်ခရီးစဉ်အပြင် ပူတာအိုမှ ထင်ရှားသောနေရာများသို့ ရန်ကုန်၊ မန္တလေး အပါအဝင် ပြည်တွင်းမှလာရောက်လည်ပတ်မှု များပြားကြောင်း Trekking in Myanmar ခရီးသွားလာရေးနှင့် ရေခဲတောင်ပို့ဆောင်ရေးအဖွဲ့မှ ကိုမိုးမင်းသိန်း (ပူတာအို)က ပြောသည်။

ခရီးသွား လာရောက်မှု တစ်ခုလုံးကို ခြုံကြည့်မည်ဆိုပါက အထင်ကရနေရာများသို့ လာရောက် လည်ပတ်မှုများပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂




## အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိချောင်း"၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းလွန်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိချောင်း"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၄၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၈၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၄၅ မိုင်ခန့်၊ နီလိုရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၀ ခန့်၊ ဘပတ်လမြို့၏ တောင်ဘက် ၁၃၅ မိုင်ခန့်နှင့်

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ■

## နိုင်ပွဲရယူခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုကာကွယ်နိုင်ရန် လက်တစ်ကမ်းအကွာရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

၂၀၂၃ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၄ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် လက်တစ်ကမ်းအကွာ ရောက်ရှိလာသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ချန်ပီယံဆုနှင့် အနီးစပ်ဆုံးအနေအထား

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍




ရှမ်းယူနိုက်တက်အသင်းအတွက် ပထမဂိုးကို ဘယ်လို ခေါင်းတိုက်သွင်းယူနေစဉ်။

**ယနေ့ ဖတ်စရာ**


မလေးရှားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကီလန်တန်ပြည်နယ်၌ ရေကြီးမှုကြောင့် လူပေါင်း ၄၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ စာမျက်နှာ » ၁၃

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းတိုက်ပွဲတွင် တပ်မတော်မှ ဓာတုဓာတ်ငွေ့ဗုံးများအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ စာမျက်နှာ » ၁၄

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် စာမျက်နှာ » ၁၅